# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
## (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ်ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၉၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက် သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ခွင့်ပန်ကြားတဲ့အခါမှာ ခွင့်ယူသည့်အကြောင်းအရာဖော်ပြရန်မလိုပဲ ခွင့်ယူမယ့်ရက်ကိုသာ ဖော်ပြတင်ပြပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၆-၁-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့် ဦးရေ ၃၇၁ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၅၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၅၁ ဦး အနက် ၂၆ ဦး

ကတော့ ယမန်နေ့ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၅ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊
(၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၂ ရက်၊
(၃) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိန်း ခွင့် ၂ ရက်၊
(၄) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၂ ရက်၊
(၅) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊
(၆) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊
(၇) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၂ ရက်၊
(၈) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊
(၉) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၆ ရက်၊
(၁၀) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၂ ရက်၊
(၁၁) လွိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၂ ရက်၊
(၁၂) မဲ့စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၂ ရက်၊
(၁၃) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၁ ရက်၊
(၁၄) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊
(၁၅) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၂ ရက်၊
(၁၆) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၂ ရက်၊
(၁၇) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၂ ရက်၊
(၁၈) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊
(၁၉) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၂ ရက်၊
(၂၀) လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၂ ရက်၊
(၂၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၂ ရက်၊
(၂၂) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဥ်ချမ်း ခွင့် ၂ ရက်၊
(၂၃) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ) ဦးဆောင်ဆီ ခွင့် ၁ ရက်၊
(၂၄) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်နှင့်

မူကြမ်း

(၂၅) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး ယနေ့ ခွင့်ပြုထားသူ ၂၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံတော်အစိုးရအနေဖြင့် (UNCAT) United Nations Convention Against Torture ညှဉ်းပန်းနှိပ်စက်ခြင်းကို ဆန့်ကျင်သည့် ကမ္ဘာ့ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာတမ်းအား မည်သည့်အချိန်တွင်လေးစားလိုက်နာရန် လက်မှတ်ရေးထိုးမည့်အကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်မိုးညို(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ အဆိုကို ပထမဆုံးအကြိမ် တင်သွင်းဖို့ ကြိုးစားခဲ့စဉ်က ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ မတ်လ ၁၉ ရက်နေ့မှာ အဆိုကို လျင်မြန်စွာတင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကန့်ကွက်သူမရှိတစ်ခဲနက် ထောက်ခံအားပေးခဲ့ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံး၊ တရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ကိုယ်ကျန်းမာစိတ်ချမ်းသာရှိကြပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။ အားလုံးလည်းပဲ အဝိရောဓနေဆိုတဲ့ ပြည်သူ့ဆန္ဒကိုမဆန့်ကျင်သော မင်းကျင့်တရား ၁၀ ပါး၊ သူတော်ကောင်းတရားလက်ကိုင်ထားပြီးတော့ ပြည်ထောင်စုအကျိုး၊ ရပ်ရွာအကျိုးဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်ပေးနိုင်ကြပါစေ။ ကျွန်တော် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညို ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတနိုင်ငံတော်ဟာ အမှန်တကယ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ဖို့ အပြည်ပြည်ဆိုင်ရာ မိသားစုအလယ်မှာထိုက်တန်ဖို့နေရာတစ်ခုရရှိဖို့ရန်အတွက် ဒီမိုကရေစီနိုင်ငံရေးကျင့်စဉ်နဲ့ ဥပဒေစိုးမိုးရေးဟာမရှိမဖြစ်အရေးပါတဲ့ အကြောင်းတရားဖြစ်တဲ့အကြောင်းနဲ့ တရားဥပဒေစိုးမိုးရေးကိုလည်းပဲ လူကိုလူလို သဘောထားတဲ့ လူ့အခွင့်အရေးနယ်ပယ်ကနေတစ်ဆင့် စတင်သင့်ကြောင်း ဥပဒေပညာရှင်များရဲ့အကြံပေးချက်ကို အဆိုတင်သွင်းခဲ့စဉ်က ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေး မတ်လ ၁၉ ရက်နေ့ အဆိုတင်သွင်းပြီးတဲ့ နောက်ပိုင်းမှာ ဒီမိုကရေစီအင်အားစုများ၊ ဥပဒေပညာရှင်များနဲ့ ဘန်ကောက်မြို့မှာ အခြေစိုက်တဲ့ (UNHCR) ဆိုတဲ့ လူ့အခွင့်အရေးမဟာကော်မရှင်ကြီးရုံးကလည်း ပြည်ထောင်စုအစိုးရရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့်ကိစ္စရပ်များအပေါ်မှာ စိတ်ပါဝင်စားမှုရှိကြောင်း ကြားသိရပါတယ်။ ဒါဟာ ဘာကြောင့်လည်းလို့ လေ့လာစုံစမ်းကြည့်တဲ့အခါမှာအဆိုတင်သွင်းပြီး မကြာမီပင်ပေါ်ထွက်ခဲ့တဲ့ ရှစ်လေးလုံးမှတ်တမ်းသမိုင်းစာအုပ်မှာ စစ်ကြောရေးမှာသေကြတာတွေများသလို၊ ထောင်တွင်းအကျဉ်းကျထားစဉ်မှာလည်းပဲ သေဆုံးခဲ့ကြတဲ့သူတွေမနည်းတဲ့အတွက် ဒီကိစ္စရပ်ပေါ်မှာ အလွန်ကိုစိတ်ပါဝင်စားမှုရှိတယ်ဆိုတာကို ကြားသိရပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးကတစ်ဆင့် အောက်ပါမေးခွန်း ၃ ခုကို လေးစားစွာမေးမြန်းခွင့်ပြုပါခင်ဗျား။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် (UNCAT)United Nations Convention Against Torture လူမဆန်စွာ၊ ရက်စက်ယုတ်မာစွာ၊ လူ့သိက္ခာကိုညှိုးနွမ်းကျဆင်းစေတဲ့ အရေးယူအပြစ်ပေးခြင်းကို ဆန့်ကျင်သည့် ကမ္ဘာ့ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာတမ်းအား မည်သည့်အချိန်

တွင်လေးစားလိုက်နာ၍ လက်မှတ်ရေးထိုးမည့်အကြောင်း သိရှိလိုပါကြောင်း ဖြစ်ပါတယ်။ ဒါနဲ့ ဆက်စပ်နေတဲ့ မေးခွန်း၂ ခုကိုလည်းပဲ ဆက်လက်ပြီးမေးမြန်းခွင့်ပြုဖို့ လေးစားစွာတင်ပြလိုပါတယ်။ အဲ့ဒါကတော့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်း မြို့နယ်၊ ကျွန်းကလေးရဲကင်းကျ တာဝန်ကျ ရဲတပ်သားချမ်းငြိမ်းသူကို လက်ထပ်ခွင့်မတင်ခြင်းနှင့် ပတ်သက်ပြီးတော့ လက်ပံတန်းမြို့နယ် ရဲစခန်းမှူးဒုရဲမှူးဝင်းဗိုလ်က လက်သီးနဲ့ကိုယ်တိုင်ထိုးကြိတ်ရုံ သာမက အချုပ်ခန်းထဲကိုပို့လျက် အချုပ်ခန်းထဲမှာရှိတဲ့အချုပ်သား ၁၇ ဦးကိုလည်းပဲ ရဲတပ်သား ချမ်းငြိမ်းသူကို လက်သီးနဲ့ဝိုင်းထိုးခိုင်းပါတယ်။ ဒါကြောင့်မို့လို့ ချမ်းငြိမ်းသူဟာ အချုပ်ခန်းအိမ်သာ ထဲမှာ သတိလစ်မေ့မျောခဲ့ကြောင်းနဲ့ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံမှာ အတွင်းလူနာအဖြစ်တက် ရောက်ကုသခဲ့ရပြီးတဲ့ နောက်ပိုင်း ဆေးရုံမှဆင်းသော်လည်းပဲ ခရိုင်ရဲ့အချုပ်ခန်းမှာ ထပ်မံထိန်းသိမ်း အချုပ်ခံရတယ်လို့ ကြားသိရပါတယ်။ ဒါတွေကို သူ့ဇနီးဖြစ်သူက တင်ပြထားတာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ထိုစဉ်ကဖော်ပြထားပါတယ်။ အဲ့ဒီကိစ္စရပ်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်သိရှိလိုတာ ကတော့ လက်ထပ်ခွင့်မတင်သော ရဲတပ်သားတစ်ဦးကို အထက်အရာရှိတစ်ဦးအနေဖြင့် ဥပဒေ ကြောင်းအရ ယခုကဲ့သို့ နှိပ်စက်ညှဉ်းပန်းပြီး အရေးယူအပြစ်ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုပါတယ်။ ရဲအရာရှိအနေဖြင့် ယခုကဲ့သို့ ထိုးကြိတ်နှိပ်စက်ညှဉ်းပန်းအပြစ်ပေးခွင့်မရှိပါက နှိပ်စက်ညှဉ်းပန်းခဲ့သူ ဒုရဲမှူးဝင်းဗိုလ်အား ဥပဒေကြောင်းအရ မည်ကဲ့သို့အရေးယူအပြစ်ပေးမည်ကိုသိရှိလိုပါတယ်ခင်ဗျား။ နောက်ဆုံးမေးခွန်းအနေနဲ့ မေးလိုတာကတော့၊ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဗဟုသုတရှိတဲ့ အတိုင်း လေးစားစွာတင်ပြရမယ်ဆိုရင် အပြစ်ရှိသူအယောက်တစ်ရာ လွတ်ချင်လွတ်သွားပါစေ အပြစ် မရှိတဲ့သူတစ်ယောက်ကို အရေးယူအပြစ်မပေးမိအောင် တရားဥပဒေစိုးမိုးရေးဘက်တော်သားတွေ၊ ဥပဒေစိုးမိုးရေးဘက်တော်သားတွေ၊ ပြည်သူ့ရဲတွေ၊ တရားသူကြီးတွေ၊ ရှေ့နေရှေ့ရပ်တွေက ဝိုင်းဝန်း ကြိုးပမ်းထိန်းသိမ်းပေးရမယ်လို့ ကျွန်တော်ကြားသိရဖူးပါတယ်။ တရားရုံးကအရေးယူအပြစ်ပေးတဲ့ ပြစ်ဒဏ်မချမှတ်မချင်း တစ်စုံတစ်ယောက်ဟာ ပြစ်မှုကျူးလွန်သူမဟုတ်ဘူးလို့လည်းပဲ သဘောထားရ မှာဖြစ်ပါတယ်။ သို့သော် ကျွန်တော့်မဲဆန္ဒနယ်မြေမှာ တစ်ချိန်တစ်ခါကဖြစ်ခဲ့တဲ့ကိစ္စရပ်မှာ မကွေးတိုင်း ဒေသကြီး၊ ပွင့်ဖြူမြို့တွင် ရေစည်လှည်းတွန်း၍ ရေရောင်းစား သူအနောက်ပိုင်းရပ်ကွက်မှ သူခိုးမှုဖြင့် ကျော်ကြားခြင်းလုံးဝမရှိခဲ့သူ ချိုတာကြီးဆိုသူလူငယ်အား ခိုးမှုသံသယဖြစ်မှု လုပ်ငန်းရှင်တစ်ယောက် ကခိုးတယ်လို့သံသယဖြစ်တာနဲ့ ဒုရဲအုပ်တစ်ယောက်က သေနတ်ဖြင့်ပစ်လိုက်တာ အံသွားတွေကျွတ် ထွက်ကုန်ပါတယ်။ အဲ့ဒီ ဒုရဲအုပ် ထိုစဉ်က ပွင့်ဖြူမြို့မှာ သေနတ်နဲ့ပစ်လိုက်တဲ့ ဒုရဲအုပ်ဝင်းဗိုလ်ဆိုတဲ့

လူနဲ့ ယခုအခါ လက်ပံတန်းမြို့ ကျွန်းကလေးရဲကင်းမှာ ရဲတပ်သားချမ်းငြိမ်းသူအား ထိုးကြိတ်ပြီး နှိပ်စက်ညှဉ်းပန်းခဲ့သူ ရဲစခန်းမှူး ဒုရဲမှူးဝင်းဗိုလ်တို့ဟာ တစ်ဦးတစ်ယောက်ထဲဖြစ်တယ် ဟုတ်/မဟုတ် သိရှိလိုပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ကျော် (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါ။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ညှဉ်းပန်းနှိပ်စက်ခြင်းကိုဆန့်ကျင်တဲ့ ကုလသမဂ္ဂစာချုပ်ကို လေးစားလိုက်နာရန် မည်သည့်အချိန်မှာ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးမယ်ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဒေါက်တာအောင်မိုးညိုရဲ့ မေးခွန်းအပေါ်မှာ ဖြေကြားရန်အတွက် ရှင်းလင်းတင်ပြမယ့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်ကျော် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာကအလေးထားအသိအမှတ်ပြုတဲ့ လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်း ၉ ခုရှိပါတယ်။ ပထမဦးဆုံးမေးခွန်းနဲ့ ဆက်စပ်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒီညှဉ်းပန်းနှိပ်စက်ခြင်းကိုဆန့်ကျင်တဲ့ ကုလသမဂ္ဂစာချုပ်နှင့်ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အဓိကဆွေးနွေးရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ အဲ့ဒီအဓိကစာချုပ်စာတမ်းများမှာ-

၁။ လူမျိုးခွဲခြားမှု အားလုံးပပျောက်ရေးဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်း။

၂။ ပြည်သူများအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်။

၃။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်။ မြန်မာနိုင်ငံက ဒီစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးရန်အတွက် အစီအစဉ်များပြုလုပ်လျက်ရှိပါတယ်။

၄။ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပုံသဏ္ဌာန်အားလုံး ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း။ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်။

၅။ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်၊ ကြမ်းကြုတ်၊ လူမဆန်သည့် (သို့မဟုတ်) လူ့သိက္ခာညှိုးနွမ်းစေသည့် ပြုကျင့်မှု(သို့မဟုတ်) ပြစ်ဒဏ်ပေးမှုတို့အား ဆန့်ကျင်သည့်ကွန်ဗင်းရှင်း ယခု လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းတဲ့ ကိစ္စဖြစ်ပါတယ်။ အတိုကောက်အားဖြင့်တော့ **(UNCAT)** လို့ခေါ်ဝေါ်သုံးစွဲကြလေ့ရှိပါတယ်။

၆။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း။ မြန်မာနိုင်ငံက ပါဝင်လက်မှတ် ရေးထိုးထားပြီးဖြစ်ပါတယ်။

၇။ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များရဲ့ အခွင့်အရေးအကာ အကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်း။

၈။ လူပုဂ္ဂိုလ်များ အဓမ္မပျောက်ဆုံးမှုမှ အကာအကွယ်ပေးရေးဆိုင်ရာ အပြည်ပြည်ဆိုင် ရာကွန်ဗင်းရှင်း။

၉။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း။ ဒီကွန်ဗင်းရှင်းကိုလည်း မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်။

အလားတူ အဆိုပါစာချုပ်စာတမ်းများ ချုပ်ဆိုပြီးနောက်ပိုင်းမှာလိုအပ်ချက်အရ ထပ်မံဖြည့်စွက် ချုပ်ဆိုထားတဲ့ နောက်ဆက်တွဲစာချုပ် (Optional Protocol)နှစ်ခုလည်းရှိပါတယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ အဓိက အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်း ၉ ခုအနက် အမျိုးသမီးဆိုင်ရာ၊ ကလေး ဆိုင်ရာနဲ့ မသန်စွမ်းမှုဆိုင်ရာကွန်ဗင်းရှင်း ၃ ခုကို မြန်မာနိုင်ငံက စာချုပ်ဝင်နိုင်ငံ(State Party)အဖြစ် သဘောတူပါဝင် (accession) ပြုလုပ်ထားပြီးဖြစ်ပါတယ်။ မိမိနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဖြစ် ထွန်းစေမယ့် နိုင်ငံတကာဥပဒေစာချုပ်များကို ယခုလိုပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ယင်းနဲ့လိုက်လျော ညီထွေရှိရန်အတွက် ပြည်တွင်းဥပဒေများကိုလည်းပြင်ဆင်ပြဋ္ဌာန်းခဲ့ကြပါတယ်။ ဒီကနေ့ အချိန်အခါမှာ နိုင်ငံတော်အစိုးရက လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်စာတမ်းများမှာပါရှိတဲ့ စီးပွားရေး၊ လူမှုရေး နှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေး ထိုးဖို့အတွက် အထူးအာရုံစိုက် ဆောင်ရွက်လျက်ရှိချိန်ဖြစ်ပါကြောင်း တင်ပြအသိပေးအပ်ပါတယ်။

ထို့အတူအခြားအရေးပါတဲ့ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခနှင့် စပ်လျဉ်းတဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းရဲ့ နောက်ဆက်တွဲ အခြေပြုစာချုပ် (Optional Protocol to the CRC on the involvement of children in armed conflict)ကိုလည်း

မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးဖို့ လေ့လာမှုများ၊ ညှိနှိုင်းမှုများကို ကြိုးစားဆောင်ရွက်နေပါကြောင်းကိုလည်း အသိပေးတင်ပြအပ်ပါတယ်။ အဲ့လိုဆောင်ရွက်ရာမှာ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ကို မြန်မာဘာသာသို့ပြန်ဆိုခြင်း၊ သက်ဆိုင်ရာ ပြည်တွင်းအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့နှင့် ပူးပေါင်းပြီးအလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ကျွန်တော်တို့ ပြုလုပ်လျက်ရှိပါတယ်။ ဤသို့ ပြုလုပ်ခြင်းမှာ စာချုပ်ပါအချက်များအပေါ် လိုက်နာဆောင်ရွက်ရမယ့် ဌာနများ၊ အဖွဲ့အစည်းများအားလုံးက ဒီစာချုပ်ကို သိရှိသဘောပေါက်စေရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ ဒီကနေ့ ဆွေးနွေးတဲ့ UNCAT ကွန်ဗင်းရှင်း ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားသော ရက်စက်ကြမ်းကြုတ် လူမဆန်တဲ့ သို့မဟုတ် လူ့သိက္ခာညှိုးနွမ်းစေတဲ့ ပြုကျင့်မှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု ပပျောက်ရေးဆိုင်ရာကွန်ဗင်းရှင်းနဲ့ ပတ်သက်ပြီး အဆိုကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှာပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညိုက တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က ပါဝင်ဆွေးနွေးခဲ့ကြပါတယ်။ အဲ့ဒီနောက် ဒီစာချုပ်ကို လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားရန် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။

စာချုပ်ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၄ နိုင်ငံက စာချုပ်အဖွဲ့ဝင်နိုင်ငံများအဖြစ်ပါဝင်ထားကြောင်းတွေ့ရှိရပါတယ်။ နိုင်ငံပေါင်း ၈၁ နိုင်ငံက ကနဦးလက်မှတ်ရေးထိုးထားခဲ့ပါတယ်။ အာဆီယံနိုင်ငံများအနက် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်းနဲ့ ဗီယက်နမ် ၆ နိုင်ငံတို့က ကွန်ဗင်းရှင်းအပေါ် လက်မှတ်ရေးထိုးခြင်း (Signature)၊ အတည်ပြုခြင်း (Ratification)၊ သဘောတူပါဝင်ခြင်း (Accession) တစ်ရပ်မဟုတ် တစ်ရပ်ရပ်ကိုပြုလုပ်ထားကြပါတယ်။ ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်တဲ့ မြန်မာအပါအဝင် ဘရူနိုင်း၊ စင်ကာပူ၊ မလေးရှား ၄ နိုင်ငံပါဝင်လက်မှတ်ရေးထိုးထားခြင်းမပြုကြသေးပါ။ စာချုပ်တို့ပါဝင်မှုနှင့်ဆက်စပ်ပြီး အရေးကြီးသည်မှာ လိုက်နာရမယ့်အချက်များ ကတိကဝတ်များအရ လိုက်နာအကောင်အထည်ဖော်ရမည့်တာဝန်ဝတ္တရားမှုကြမ်း

များကိုစဉ်းစားချိန်ဆရခြင်းဖြစ်ပါတယ်။ စာချုပ်ပါ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ရန်လိုအပ်ပါတယ်။ စာချုပ်မှာဖော်ပြထားတဲ့ အချက်အလက်များ၊ စကားရပ်များကို ကွန်ဗင်းရှင်းနှင့်အညီ သို့မဟုတ် မိမိတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒါမှမဟုတ် ပြည်တွင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် လိုအပ်တဲ့ ဥပဒေပြင်ဆင်၊ ဖြည့်စွက်ချက်၊ ပြောင်းလဲမှုများဆောင်ရွက်ကောင်းဆောင်ရွက်ရမှာလည်းဖြစ်ပါတယ်။ အကောင်အထည်ဖော်ရာမှာလည်း အမျိုးသားအာဏာပိုင်အဖွဲ့တစ်ရပ်ထူထောင်ရန်လို/မလိုနှင့် ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းရန်လို/မလိုတို့ကိုလည်းထည့်သွင်းစဉ်းစားကြရမှာဖြစ်ပါတယ်။

မိမိနိုင်ငံရဲ့ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အပြည်ပြည်ဆိုင်ရာကော်မတီများသို့ အစီရင်ခံစာတင်သွင်းခြင်းနှင့် မေးမြန်းစစ်ဆေးခြင်းများကို ရှင်းလင်းဖြေကြားရမှာကိုပါလုပ်နိုင်တဲ့ လူသားစွမ်းရည်အပေါ်ကိုပါထည့်သွင်းစဉ်းစားကြရမှာဖြစ်ပါတယ်။ အလားတူစာချုပ်ပါပြဋ္ဌာန်းချက်များ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်စပ်လျဉ်းပြီး နိုင်ငံတကာဥပဒေအရစကားရပ်တစ်ခုချင်းအဓိပ္ပာယ်သက်ရောက်မှုများ၊ အခြားနိုင်ငံများရဲ့ အလေ့အထများ၊ မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာနှင့်အကျိုးစီးပွားထိခိုက်နိုင်ချေများအပေါ်လည်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ရန်လိုအပ်ပါတယ်။ ကွန်ဗင်းရှင်းနှင့်အညီ ညှဉ်းပန်းနှိပ်စက်မှုတားဆီးရေးအတွက် ဥပဒေပြုရေးအပိုင်း၊ အုပ်ချုပ်မှုအပိုင်းနှင့် တရားစီရင်ရေးအပိုင်းတို့မှာလည်း ထိရောက်တဲ့အရေးယူမှု၊ ဆောင်ရွက်မှုများပြုလုပ်နိုင်ရမည့်အခြေအနေဖြစ်စေရန်လည်း လိုပါတယ်။ ကွန်ဗင်းရှင်းအရ ဥပဒေအကောင်အထည်ဖော်သူများ၊ စစ်ဘက်၊ အရပ်ဘက်၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ အစိုးရအရာထမ်းများ၊ တရားစီရင်ရေးတွင်ပါဝင်သူများ၊ ဖမ်းဆီး၊ ထိန်းသိမ်း၊ အကျဉ်းချခြင်းတို့နှင့်ဆက်စပ်ပြီး စစ်ဆေးမေးမြန်းသူများကိုလေ့ကျင့်သင်တန်းပေးရာ၌ ညှဉ်းပန်းမှုတားဆီးရေးဆိုင်ရာ ပညာပေးများ၊ သတင်းအချက်အလက်များအပြည့်အဝပါဝင်စေရမှာဖြစ်ပါတယ်။ စာချုပ်ပါအချက်များကို ဖော်ပြပါဝန်ထမ်းများအတွက် ထုတ်ဝေမည့်နည်းဥပဒေများ သို့မဟုတ် ညွှန်ကြားချက်များမှာ ထည့်သွင်းရမည့်ကိစ္စကိုလည်း စဉ်းစားရမှာဖြစ်ပါတယ်။ ကွန်ဗင်းရှင်းနှင့်အညီ ဥပဒေပြင်ဆင်/ဖြည့်စွက်မှုများ၊ ဥပဒေပြုရေးအပိုင်း၊ အုပ်ချုပ်မှုအပိုင်းနှင့် တရားစီရင်ရေးအပိုင်းတို့မှာ အရေးယူဆောင်ရွက်မှုများ လေ့ကျင့်သင်တန်းပေးမှုများကိုလည်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

လက်မှတ်ရေးထိုးသည်နှင့် တစ်ပြိုင်နက် စာချုပ်ပါပြဋ္ဌာန်းချက်များကို အပြည့်အဝအကောင်အထည်မဖော်နိုင်သေးသည့်တိုင် စာချုပ်နှင့်ဆန့်ကျင်သည့်ကိစ္စများ မပေါ်ပေါက်အောင် ဆောင်ရွက်ရန်တာဝန်ရှိမည်လည်းဖြစ်ပါတယ်။ UNCAT ကွန်ဗင်းရှင်းကို လက်တွေ့လိုက်နာအကောင်အထည်ဖော်ရန် မိမိတို့အဆင်သင့်ဖြစ်မည့် အချိန်ပါဝင်ခြင်း၊ အဆင်သင့်မဖြစ်မီပါဝင်ပါက စာချုပ်လိုက်နာအကောင်အထည်ဖော်မှုအပိုင်းမှာ အားနည်းခြင်း၊ ဝေဖန်ခြင်းများ ကြုံတွေ့လာနိုင်မှုရှိသဖြင့်လည်း ယင်းအချက်များကို သုံးသပ်စဥ်းစားရပါတယ်။ သို့မဟုတ်ပါက နိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်လာနိုင်မှုအခြေအနေကိုပါ စဥ်းစားပါတယ်။ UNCAT ကွန်ဗင်းရှင်းဝင် ၁၅၄ နိုင်ငံအနက် ၈၁ နိုင်ငံမှာ လက်မှတ်ရေးထိုးပြီး၊ အတည်ပြုပါဝင်ခဲ့သည့်နိုင်ငံများဖြစ်ပါတယ်။ ယင်းနိုင်ငံများသည် ကွန်ဗင်းရှင်းသို့အတည်ပြုပါဝင်ရန်အတွက် ယေဘုယျအားဖြင့် ၂ နှစ်မှ ၄ နှစ်အတွင် အချိန်ယူကြသည်ကို လေ့လာတွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ဗြိတိန်နိုင်ငံသည် ၃နှစ်၊ အမေရိကန်နိုင်ငံသည် ၆ နှစ်၊ အင်ဒိုနီးရှားနိုင်ငံသည် ၁၃ နှစ်တိုင်အချိန်ယူလေ့လာပြီးမှ ဒီကွန်ဗင်းကိုလိုက်နာနိုင်မှုအပေါ် တိတိကျကျသုံးသပ်ပြီးဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရပါတယ်။

နိုင်ငံရဲ့အချုပ်အခြာအာဏာနှင့်အကျိုးစီးပွားကို ထိခိုက်မှုမရှိဘဲ ပါဝင်လက်မှတ်ရေးထိုးပါက အကျိုးဖြစ်ထွန်းမည့်ကိစ္စဖြစ်ကြောင်း လေ့လာပြီးနောက် မိမိတို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတော်ရဲ့ဥပဒေပြု၊ တရားစီရင်ရေးအဖွဲ့အစည်းများနဲ့ အခြားပါဝင်ပတ်သက်သည့် ဌာနများအကြား အထပ်ထပ်ညှိနှိုင်းမှုများပြုလုပ်ပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြခြင်း၊ လွှတ်တော်သို့ တင်ပြခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ၊ သက်ဆိုင်ရာဝန်ကြီးဌာနက ပြုလုပ်ပြီး၊ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးဆုံးဖြတ်ချက်အရ၊ ညှဥ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်ကြမ်းကြုတ်၊ လူမဆန်သည့် သို့မဟုတ် လူ့သိက္ခာညှိုးနွမ်းစေသည့်ပြုကျင့်မှု သို့မဟုတ် ပြစ်ဒဏ်ပေးမှုတို့အား ဆန့်ကျင်တဲ့စာချုပ်သို့ ဆောလျင်စွာ ပါဝင်ရေးရှေးရှုလျက် အဆင့်ဆင့် လေ့လာသုံးသပ်အကောင်အထည်ဖော်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများအကြား စဥ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်နှင့် အခြားသက်ဆိုင်တဲ့ ဝန်ကြီးဌာနများက ဤစာချုပ်ပါဝင်ရေးအား ပြည်သူ့လွှတ်တော်မှာ တိုက်တွန်းခြင်း၊ ထောက်ခံခြင်း၊ ဆွေးနွေးခြင်း ပြုခဲ့ပြီးဖြစ်တဲ့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ယခု ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်း အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်မှာ ကျင်းပမယ့် ၆၉ ကြိမ်မြောက်

ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ အစပိုင်းမှာ ပြုလုပ်မယ့် နိုင်ငံတကာစာချုပ်စာတမ်းများ ရေးထိုးပွဲ (Treaty Event) မှာပါဝင်ပြီး လက်မှတ်ရေးထိုးနိုင်ရန်အတွက် ရည်မှန်းချက်ထားပြီး ဦးတည်ကာ ညှိနှိုင်းမည်ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ဒီစာချုပ်နှင့်ပတ်သက်ပြီးတော့ တင်ပြရပါက ဒီစာချုပ်ဆိုင်ရာနှင့်ပတ်သက်ပြီး ကနဦးညှိနှိုင်းမှုများကို ပြုလုပ်လျက်ရှိပါကြောင်း အသေးစိတ်အချက်အလက်များ၊ လေ့လာမှုများ၊ စာချုပ်ဆိုင်ရာလိုက်နာဖွယ်အချက်များကို အကောင်အထည်ဖော်ရေးမှာ ပါဝင်ဆောင်ရွက်ရမည့် ပတ်သက်တဲ့သက်ဆိုင်တဲ့ အခြားအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် အသေးစိတ်လေ့လာမှုများ၊ လုပ်ငန်းစဉ်များကိုလည်း ပူးပေါင်းပြုလုပ်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညို မေးမြန်းတဲ့ ဒီနောက်အချက်နှစ်ချက်ဖြစ်တဲ့ ကျွန်တော်တို့ရဲတပ်သား ချမ်းငြိမ်းသူ လက်ပံတန်းမြို့နယ် ရဲစခန်း၊အချုပ်ခန်းမှ လက်သီးထိုးမှုကိစ္စနှင့်ပတ်သက်တဲ့မေးမြန်းချက်နှင့် ကျွန်တော်တို့မကွေးတိုင်း၊ပွင့်ဖြူမြို့မှာ ချိုတာကြီးဆိုသည့်လူငယ်အား ဒုရဲအုပ်မှ သေနတ်နှင့်ပစ်လိုက်တဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ဖြေကြားဖို့ အခက်အခဲရှိပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအစား ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်တဲ့ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဖြေကြားခြင်းဖြင့် ပိုမိုပြီးတော့ ပြည့်စုံလုံလောက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဒေါက်တာအောင်မိုးညို(ပွင့်ဖြူမဲဆန္ဒနယ်)။** ။ ဖြေကြားသွားတဲ့အတွက် ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ပြည်ထောင်စုအစိုးရက လက်မှတ်ရေးထိုးရန် ဦးတည်နေတယ်ဆိုတဲ့အတွက်လည်း ဝမ်းသာပါတယ်။ သို့သော် ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအနေအထားတွေဟာ ဝန်ကြီးရဲ့စကားအရအဆင်သင့်မဖြစ်သေးဘူးဆိုတာသိရတဲ့အတွက် ကျွန်တော် ဝမ်းနည်းပါတယ်။ ပြည်သူလူထုအတွက်လည်း ကျွန်တော်ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဒီစာချုပ်ကိုလက်မှတ်ရေးထိုးအောင် ပြည်ထောင်စုအစိုးရက လေးစားလိုက်နာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆက်လက်ကြိုးစားသွားမယ်ဆိုတာမျိုးလည်း တင်ပြလိုပါတယ်။ ကျွန်တော်တစ်ဦးတစ်ယောက်ထဲရဲ့ သဘောထားအနေနဲ့တင်ပြရမယ်ဆိုလို့ရှိရင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဟာ ဒီစာချုပ်ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် အပြည်ပြည်ဆိုင်ရာမိသားစုအလယ်မှာပိုပြီးတော့ ဂုဏ်သိက္ခာရှိတဲ့ အဆင့်အတန်းတစ်ရပ်ကို ရရှိလာမယ်လို့ယူဆတဲ့အပြင် ဒီစာချုပ်ဟာ အမျိုးသားအကျိုးစီးပွားနဲ့လည်း ဆန့်ကျင်မှုလုံးဝမရှိဘူးလို့ ကျွန်တော် လေးစားစွာ တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ယခင်အစိုးရလက်ထက်တွင် သဘောတူထားခဲ့သည့် နားလည်မှုစာချွန်လွှာများ၊ နားလည်မှုသဘောတူ စာချုပ်များနှင့် စီးပွားရေးစာချုပ်များကို ပြန်လည်သုံးသပ်အတည်ပြုရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏အကျိုးကိုမျှော်ကိုးပြီး ဒီမေးခွန်းများကို သဘောရိုးဖြင့် မေးမြန်းရခြင်းဖြစ်ပါကြောင်း ပထမဦးစွာတင်ပြလိုပါတယ်။ ယခင်အစိုးရလက်ထက်မှာ မိမိနိုင်ငံမှာငွေကြေးမပြည့်စုံခြင်း၊ နည်းပညာချို့တဲ့ခြင်း၊ အနောက်နိုင်ငံများမှ စီးပွားရေးပိတ်ဆို့အရေးယူထားခဲ့ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းနိုင်မှုမရှိခဲ့ခြင်း၊ ခေတ်မီသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတို့ကဲ့သို့ အရေးကြီးတဲ့ဥပဒေများ ပြဋ္ဌာန်းနိုင်မှုမရှိခဲ့ခြင်းစတဲ့အခြေအနေများကြောင့် သဘောတူပြီးခဲ့သော နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက်များ၊ စီးပွားရေးစာချုပ်များမှာ ယခုလက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိတော့မည်မဟုတ်ပါ။ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပြီးတဲ့ အခြေခံမူများ၊ သတ်မှတ်ချက်များ၊ ဥပဒေပုဒ်မများနှင့်ကိုက်ညီမှုရှိ/မရှိ။ ထို့အပြင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးသောဥပဒေအသီးသီးနှင့်လည်း ကိုက်ညီမှုရှိ/မရှိကို ပြန်လည်စိစစ်ရန်လိုအပ်မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၉) အဖြစ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ နည်းဥပဒေများကိုလည်း ဆက်လက်ပြဋ္ဌာန်းသွားရန်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များ လုပ်ငန်းစဉ်များအတိုင်း လိုက်နာကျင့်သုံးရန် လိုအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြဋ္ဌာန်းပြီးသော ဥပဒေများနှင့် လိုက်လျောညီထွေပြင်ဆင်ကျင့်သုံးခြင်းသည် တရားဥပဒေစိုးမိုးရေး (Rule of Law) ကို အလေးအနက်ထားလိုက်နာကျင့်သုံးခြင်းဖြစ်ပါတယ်။ ဥပမာအနေနဲ့ ယခင်အစိုးရလက်ထက်မှာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ရန်စီစဉ်ထားတဲ့ ရေအားလျှပ်စစ်စီမံကိန်းများအနက် ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် သဘာတူထားသောစီမံကိန်းများမှာ MOU အဆင့် ၂၂ ခု၊ MOA အဆင့် ၂၂ ခု၊ စီမံကိန်းအကောင်အထည်ဖော်နိုင်

သည့်အဆင့် ၄ ခု စုစုပေါင်း ၄၈ ခုရှိပြီးတော့ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ၆ ခု၊ ကျောက်မီးသွေးစက်ရုံစီမံကိန်း ၁၁ ခု စုစုပေါင်း ၆၅ ခုရှိပါတယ်။ အလားတူ မြန်မာနိုင်ငံကမ်းလွန်ဒေသရှိ ရတနာ၊ ရဲတံခွန်၊ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတို့မှ သဘာဝဓာတ်ငွေ့များကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါတယ်။ ယခုအခါ ပြည်တွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ အခြားကုန်ထုတ်စက်ရုံများမှာ သဘာဝဓာတ်ငွေ့မလုံလောက်တဲ့ အခြေအနေများဖြစ်ပေါ်လျက်ရှိနေပါတယ်။ ဒါကြောင့် ပြည်တွင်း သဘာဝဓာတ်ငွေ့ပိုမိုသုံးစွဲနိုင်ရေးအတွက် ပြန်လည်ညှိနှိုင်းဆွေးနွေးရန် လိုအပ်လျက်ရှိနေပါတယ်။ အလားတူပဲ အခြားသောဝန်ကြီးဌာနများရဲ့ စီမံကိန်းကြီးများမှာလည်း ယခင်သဘောတူညီချက်များကို ခေတ်စနစ်နှင့်အညီ ပြန်လည်ညှိနှိုင်းရန်လိုအပ်ချက်များရှိနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ပြောင်းလဲလာတဲ့ခေတ်စနစ်များနဲ့ လိုက်လျောညီထွေမှုရှိစေရန် ပြဋ္ဌာန်းပြီးဥပဒေများနှင့်လည်းကိုက်ညီပြီး တရားဥပဒေစိုးမိုးရေး (Rule of Law) လိုက်နာကျင့်သုံးစေရေးအတွက် အောက်ဖော်ပြပါမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ယခင်အစိုးရလက်ထက်မှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများနှင့် သဘောတူထားသည့် နားလည်မှုစာချွန်လွှာများ၊ နားလည်မှုသဘောတူစာချုပ်များ၊ နားလည်မှုစီးပွားရေးစာချုပ်များကို ပြည်သူများ၏အကျိုးစီးပွားပိုမိုဖြစ်ထွန်းစေရေးအတွက် လက်ရှိကျင့်သုံးနေသော ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းအတည်ပြုပြီးသောဥပဒေများနှင့်အညီ ပြန်လည်ညှိနှိုင်းစိစစ်သုံးသပ်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်ခင်စန်းရီ(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ကျွန်မကတော့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်မှမေးမြန်းတဲ့ ယခင်အစိုးရလက်ထက်တွင် သဘောတူထားခဲ့သည့် နားလည်မှုစာချွန်လွှာများ၊ နားလည်မှုသဘောတူစာချုပ်များ နှင့် စီးပွားရေးစာချုပ်များကို

ပြန်လည်သုံးသပ်အတည်ပြုရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်ရှင်။

ယခင်အစိုးရလက်ထက်မှာ မူဘောင်သဘောတူစာချုပ်များ (Frame Work Agreements)၊ ငွေချေးစာချုပ်များ (Loan Agreements)၊ နှစ်နိုင်ငံနှစ်ဖက်အဖွဲ့အစည်း သဘောတူစာချုပ်များ (Bilateral Agreements)၊ အကူအညီပေးရေးသဘောတူစာချုပ်များ (Technical Cooperation Agreements)၊ နားလည်မှုစာချွန်လွှာများ (Memorandum of Understandings)၊ လဲလှယ်စာချွန်လွှာများ (Exchange of Notes) နှင့် လဲလှယ်စာလွှာများ (Exchange of Letters) စသည့်စာချုပ်စာတမ်းများကို ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါတယ်။

ပထမဦးဆုံး မူဘောင်သဘောတူစာချုပ်(Frame Work Agreements) များကိုချုပ်ဆိုရာမှာဥပဒေစည်းနှောင်မှုနှင့် စာချုပ်ပါစည်းကမ်းကတိကဝတ်သတ်မှတ်ချက်များပါဝင်မှုမရှိပါဘူး။ သာမန်အားဖြင့်တော့ နှစ်နိုင်ငံအကြီးအကဲများချစ်ကြည်ရေးခရီးစဉ်မှာ (Frame of Agreements)၊ တွေကိုလက်မှတ်ရေးထိုးချုပ်ဆိုလေ့ရှိကြပါတယ်။

ဒုတိယအနေနဲ့ ချေးငွေစာချုပ်များကို ယခင်အစိုးရလက်ထက်မှာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ စာချုပ်များချုပ်ဆိုခဲ့ကြပါတယ်။ နှစ်နိုင်ငံနှစ်ဖက်အဖွဲ့အစည်း သဘောတူစာချုပ်များကိုတော့ နိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ခံလက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီးမူဘောင်သဘောတူစာချုပ်ပါ သတ်မှတ်ချက်များနှင့် အခြေခံအားဖြင့်တူညီပါတယ်။ အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်များမှာ ပြည်ပအဖွဲ့အစည်းများမှ မြန်မာနိုင်ငံသို့ နည်းပညာဆိုင်ရာအကူအညီပေးရန် သဘောတူညီချက်များဖြစ်ပါတယ်ရှင်။ နားလည်မှု စာချွန်လွှာများကိုအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း/ပြည်ပအဖွဲ့အစည်းတို့အကြား လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပါတယ်။ စီးပွားရေးစာချုပ်များကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနများက သီးခြားချုပ်ဆိုကြပါတယ်။ ယခင်အစိုးရလက်ထက်မှာအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက လက်မှတ်ရေးထိုးခဲ့တဲ့ မူဘောင်သဘောတူစာချုပ် ရှစ်ခုအနက် ဆောင်ရွက်ပြီးစီးတာ ရှစ်ခုရှိပါတယ်။ ငွေချေးစာချုပ် ငါးခု ရှိပါတယ်။

ဆောင်ရွက်ပြီးဖြစ်ပါတယ်။ သဘောတူစာချုပ်/အကူအညီပေးရေး လက်မှတ်ရေးထိုးခဲ့တဲ့ ဒီစာချုပ် ၃၂ ခုမှာ ၂၇ ခုကပြီးစီးသွားပြီးဖြစ်ပါတယ်။ ဆက်လက် သက်ဝင်ဆောင်ရွက်ဆဲ ၅ ခုရှိပါတယ်။ စာချွန်လွှာ ၂၈ ခု လက်မှတ်ရေးထိုးခဲ့ပြီး ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ စာလွှာလက်မှတ်ရေးထိုးတာ ၁၀ ခုရှိပြီးတော့မှ ဆောင်ရွက်ပြီး ၁၀ ခုရှိပါတယ်။ နားလည်မှုစာချွန်လွှာ ၈ ခုလက်မှတ်ရေးထိုးပြီး ဆောင်ရွက်ပြီးစီးပြီဖြစ်တဲ့အတွက် လက်မှတ်ရေးထိုးခဲ့တဲ့ ၉၁ ခုမှာဆောင်ရွက်ပြီးစီးပြီး အကူအညီပေးရေးသဘာတူညီချက် ဆက်လက်သက်ဝင်နေတာ ငါးခုဖြစ်ပါတယ်။ အခြားဝန်ကြီးဌာနကလည်း နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပြီး ဒီရေးထိုးခဲ့တဲ့ စာချုပ်ပေါင်း ၁၉၉ ခုမှာ ဆောင်ရွက်ပြီး ၁၀၆ ခုရှိတဲ့အတွက် ဆောင်ရွက်ဆဲ ၉၃ ခုရှိပါတယ်။ နားလည်မှုသဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးခဲ့တဲ့ အရေအတွက် ၉၉ ခုမှာ ဆောင်ရွက်ပြီး ၄၇ ခုရှိတဲ့အတွက် ဆောင်ရွက်ဆဲ ၅၂ ခုရှိပါတယ်။ ဒ့ါအပြင် စီးပွားရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့တဲ့အရေအတွက် ၆၈၄ ခုရှိပြီးတော့မှ ပြီးစီးတာ ရှစ်ခုပဲရှိပြီးတော့ ဆောင်ရွက်ဆဲ ၆၇၆ ခုရှိပါတယ်။ ဒါကြောင့် အခြားဝန်ကြီးဌာနများကလက်မှတ်ရေးထိုးခဲ့တဲ့ အရေအတွက် ၉၈၂ ခု၊ ဆောင်ရွက်ပြီး ၁၆၁ ခုနဲ့ ဆောင်ရွက်ဆဲ ၈၂၁ ခုဖြစ်ပါတယ်။

အချုပ်အားဖြင့် ယခင်အစိုးရလက်ထက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့တဲ့ ၉၁ ခုအနက် ဆောင်ရွက်ပြီး ၈၆ ခု၊ ဆောင်ရွက်ဆဲ ငါးခုကို ဒီအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေဖြင့် ပြဿနာတစ်စုံတစ်ရာမရှိပါသဖြင့် ဒီစာချုပ်ငါးခုကို သုံးသပ်ပြန်လည်အတည်ပြုရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်။ အခြားဝန်ကြီးဌာနများကချုပ်ဆိုတဲ့ စာချုပ်စာတမ်း ၉၈၂ ခုအနက် ဆက်လက် သက်ဝင်ကျန်ရှိတဲ့ ၈၂၁ ခုကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)။** ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း ဆက်လက်မေးမြန်းလိုပါတယ်။ ယနေ့ ပြည်သူများခံစားနေရတဲ့ လက်ပံတောင်းတောင်၊ မြစ်ဆုံစတဲ့စာချုပ်များဟာဆိုရင် စီးပွားရေးစာချုပ်တွေဖြစ်ပါတယ်။ စီးပွားရေးဝန်ကြီးဌာနက ချုပ်ဆိုတဲ့စာချုပ်များဖြစ်ပါတယ်။ အခုကျွန်တော်တို့ ဒုတိယဝန်ကြီးဖြေကြားသွားတဲ့ ပြဿနာတစ်စုံတစ်ရာမရှိတဲ့စာချုပ်တွေတော့မဟုတ်ပါဘူးခင်ဗျား။ အဲ့ဒီတော့ ပြဿနာဖြစ်ပွားနေတဲ့၊ ရှိနိုင်တဲ့အခြားသော ဝန်ကြီးဌာနများက စီးပွားရေးစာချုပ်များကိုလည်း ကျွန်တော်တို့ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ တည်ဆဲဥပဒေများနှင့်အညီ

ပြန်လည်ပြီးတော့ ညှိနှိုင်းဆွေးနွေးချုပ်ဆိုဖို့ လိုအပ်မယ်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ထပ်ဆင့်တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဒေါက်တာဒေါ်ခင်စန်းရီ(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း အခြားဝန်ကြီးဌာနများနှင့်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ရန် မည်သည့်နိုင်ငံ၊ မည်ကဲ့သို့သောလုပ်ငန်းမျိုး၊ ရင်းနှီးမြှုပ်နှံမှုသန်းပေါင်းမည်မျှနှင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မည်မျှရရှိပြီးသည်ကို သိလိုသည့်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစိန်မြင့်၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်မြင့်(ဗိုလ်တထောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ်က ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးစိန်မြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်၍ ဒီနေ့ လက်ရှိနိုင်ငံတော်အစိုးရရဲ့ ကြိုးစားဆောင်ရွက်အားထုတ်မှုတွေဟာ မည်သည့်အတိုင်းအတာအထိဆောင်ရွက်နေမှုကို ကျွန်တော်တို့ပြည်သူများ တိတိကျကျသိရှိနိုင်ပါရန် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့တွေ အလွှတ်သဘောဂျာနယ်တွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ ဘယ်နိုင်ငံကဘယ်လောက်လာပြီ။ ဘယ်လိုလုပ်ငန်းမျိုးတွေဆောင်ရွက်တယ်ဆိုတာ ကျွန်တော်တို့ တိတိကျကျမသိပါဘူး။ အဲ့ဒီတော့ ပြည်ထောင်စုလွှတ်တော်ကြီးကလည်း ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ ဥပဒေများကိုလည်း ကျွန်တော်တို့ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ သုံးနှစ်တာကာလအတွင်းမှာ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ အစိုးရအဖွဲ့ဟာ ကမ္ဘာ့နိုင်ငံအသီးသီးကို သွားရောက်လည်ပတ်ပြီးတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကိုယ့်တိုင်းပြည်ရဲ့ဆင်းရဲမွဲတေမှု လျှော့ချဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့အတွက် နိုင်ငံတော်တော်များများကို သွားရောက်ပြီးတော့ ဆွေးနွေးဆောင်ရွက်တာ

တွေလည်း ကျွန်တော်တို့ တွေ့နေရပါတယ်။ သို့ပေမယ့် ဒီနေ့အတိုင်းအတာထိ ကျွန်တော်တို့နိုင်ငံရဲ့ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ စက်မှုလက်မှုလုပ်ငန်းတွေ၊ စက်ရုံအလုပ်ရုံတွေ ဖွံ့ဖြိုးတိုးတက်မှုဟာ အထိုက်အလျောက်ရရှိနေပေမယ့် တစ်နိုင်ငံလုံး နိုင်ငံနှင့် နိုင်ငံသားများအတွက် လာမယ့် ငါးနှစ်တာကာလအတွင်းမှာ ဘယ်လောက်ထိဆောင်ရွက်နေပြီလဲ။ ဘယ်လိုမျှော်မှန်းချက်တွေထားပြီးဆောင်ရွက်တယ်ဆိုတာကို ပြည်ထောင်စုအစိုးရအနေနဲ့ ကျွန်တော်သိရှိလိုသည်မှာ ပြည်သူများကိုယ်စား (၁) မည်သည့်နိုင်ငံများကလာရောက်ပြီး ရင်းနှီးမြှုပ်နှံမည်လဲ။ (၂) မည်သည့်လုပ်ငန်းအမျိုးအစားများလာရောက်ဆက်သွယ်ဆောင်ရွက်နေပြီလဲ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်းပေါင်းယနေ့အထိ ဘယ်လောက်ရရှိထားပြီလဲ။ နောက်ဆုံးအချက်အနေနဲ့ကတော့ ကျွန်တော်တို့ နိုင်ငံသားများရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဘယ်လောက်အထိပေးနိုင်မည်လဲ။ ဒါလေးတွေကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်ခင်စန်းရီ(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မက ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့် မေးမြန်းတဲ့မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးစိန်မြင့်မှ မေးမြန်းတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ရန် ဘယ်နိုင်ငံ၊ ဘယ်လိုလုပ်ငန်းမျိုး၊ ရင်းနှီးမြှုပ်နှံမှုသန်းပေါင်း ဘယ်လောက်နှင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဘယ်လောက်ရရှိပြီးဆိုသည်ကို ပြည်သူများ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီးဖြေကြားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ကြွယ်ဝသော သယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများလောက်ငှစွာ သုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့ရောင်းချနိုင်စေရန် လုပ်ငန်းများတိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များပေါ်ပေါက်လာစေရေးအတွက်ရည်ရွယ်ပြီးတော့ ၁၉၈၈ ခုနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို

လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပါတယ်။

တိုးတက်ပြောင်းလဲလာတဲ့ စီးပွားရေးအခြေအနေများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုစီးဝင်နိုင်ရန်ပွင့်လင်းမြင်သာတဲ့ စီးပွားရေးပတ်ဝန်းကျင် ဖန်တီးနိုင်စေရန်ရည်ရွယ်၍ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ပြီးတော့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စတင်ခွင့်ပြုခဲ့တဲ့အချိန်ကနေ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၁ ခုမှာ ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းပေါင်း ၃၈၁ ခုရှိပါတယ်။ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၄၂၀၀.၀၀၂ တစ်နည်းအားဖြင့် 34.2 Billion US Dollar ရှိပါတယ်။ နောက် ယင်းတို့အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ လုပ်ငန်း ၃၅ ခုမှာ ရင်းနှီးမြှုပ်နှံထားပြီး အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၄၁၂၀.၅၃၈ ရှိပါတယ်။ ၁၄.၁၂ Billion US Dollar ဖြစ်ပါတယ်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၄၁.၂၈ ရာခိုင်နှုန်းရှိပါတယ်။ ဒုတိယအများဆုံးကတော့ ဟောင်ကောင်က လုပ်ငန်းပေါင်း ၄၈ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၆၃၇၉.၇၇၈ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုရဲ့ ၁၈.၆၅ ရာခိုင်နှုန်းရှိပါတယ်။ တတိယရင်းနှီးမြှုပ်နှံမှုအများဆုံးကတော့ ကိုရီးယားသမ္မတနိုင်ငံမှဖြစ်ပြီး လုပ်ငန်း ၇၁ ခုမှာ ရင်းနှီးမြှုပ်နှံထားပါတယ်။ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၉၇၃.၈၂၅ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုရဲ့ ၈.၆၉ ရာခိုင်နှုန်းရှိပါတယ်ရှင်။

ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ပြီးတော့မှ လုပ်ငန်း ၆၄ ခုရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၆၃၀.၁၀၂၊ ၁၃.၆၃ Billion ဖြစ်ပါတယ်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုရဲ့ ၃၉.၈၄ ရာခိုင်နှုန်းဖြစ်ပါတယ်။ လျှပ်စစ်ကဏ္ဍဟာ ဒုတိယရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ပြီးတော့မှ လုပ်ငန်း ၆ ခုရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၂၅၄.၄၃၂ ဖြစ်ပါတယ်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုရဲ့ ၃၈.၇၄ ရာခိုင်နှုန်းရှိပါတယ်။ တတိယရင်းနှီးမြှုပ်နှံမှုကဏ္ဍကတော့ သတ္တုကဏ္ဍဖြစ်ပြီး လုပ်ငန်း ၁၀ ခုရှိပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့ပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၃၀၈.၅၃၆ ဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုရဲ့ ၆.၇၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဒီဥပဒေစတင်ပြဋ္ဌာန်းတဲ့အချိန်ကနေပြီးတော့မှ ယနေ့အထိ ပြည်တွင်းလုပ်သား ၃၀၅၂၁၄ ဦးကို အလုပ်

အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ပါတယ်။ လာမယ့် ငါးနှစ်အတွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်လာရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖိတ်ခေါ်ရာမှာ လတ်တလောအားဖြင့် လုပ်သားအင်အားအခြေပြုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်လျက်ရှိပါတယ်။ လုပ်သားအင်အား အခြေပြုလုပ်ငန်းများ (Labour Intensive) မှ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်း (Value Added) ၎င်းမှ အကြီးစားစက်မှုလုပ်ငန်းများ၊ နည်းပညာမြင့်မားသည့်လုပ်ငန်းများ (Heavy Industry and Hi-tech Industry) များအား တစ်ဆင့်ပြီးတစ်ဆင့်ဖိတ်ခေါ်သွားရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။ (သြဘာသံများ)

**နိုင်ငံတစ်ဝှမ်း တရားဝင်ဖွင့်လှစ်ထားသောကျောင်းများတွင် ကျောင်းသား/ကျောင်းသူများအား ဖုန်း၊ ဂိမ်းစက်၊ အင်တာနက်သုံးကိရိယာနှင့် အခြား အီလက်ထရောနစ်ပစ္စည်းများ သယ်ဆောင်အသုံးပြုခြင်းကိုတားဆီးထိန်းချုပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး အမရပူရမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် သက်ဆိုင်ရာဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံအကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သောမေးခွန်းအား မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းဟာ ကျောင်းသားကျောင်းသူများရဲ့ စာသင်ကြားဖြေဆိုမှုများကို မထိခိုက်စေဘဲ ဆောင်ရွက်နိုင်ရန်အတွက် သာမေးမြန်းခြင်းဖြစ်ပါကြောင်း ဦးစွာပထမတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝှမ်း တရားဝင်ဖွင့်လှစ်ထားသော မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင်ရှိတဲ့ ကျောင်းသားကျောင်းသူ လူငယ်များမှာ ခေတ်စနစ်ရဲ့တိုးတက်ပြောင်းလဲမှုများကြောင့် တယ်လီဖုန်း၊ ဂိမ်းစက်၊ အင်တာနက်သုံးကိရိယာများအား ကျောင်းအတွင်းယူဆောင်ပြီး ကျောင်းစာသင်ချိန်တွင် ဂိမ်းကစားခြင်း၊ တယ်လီဖုန်းပြောကြားခြင်း၊ အင်တာနက်သုံးခြင်း၊ ညစ်ညမ်းဗီဒီယိုကားများအပါအဝင် ဗီဒီယိုကားပေါင်းစုံကြည့်ခြင်း၊ သီချင်းနားထောင်ခြင်း စသည်တို့

ကိုလုပ်ဆောင်နေခြင်းများကြောင့် ကျောင်းသားကျောင်းသူတို့ရဲ့ပညာရေး အားနည်းလာမည်ကို စိုးရိမ်ဖွယ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝှမ်း တရားဝင်ဖွင့်လှစ်ထားသော မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ကျောင်းသားကျောင်းသူများအား တယ်လီဖုန်း၊ ဂိမ်းစက်၊ အင်တာနက်သုံးကိရိယာနှင့် အခြားအီလက်ထရောနစ်ပစ္စည်းများ သယ်ဆောင်အသုံးပြုခြင်း မဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်၊ ညွှန်ကြားချက် ထုတ်ပြန်၍ တားဆီးထိန်းချုပ်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ဒသမတန်းကျောင်းသားများအား ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုခွင့်ရရန် မည်သို့ဆောင်ရွက်ရမည်ကို သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဇော်မြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကြယ်ပွင့်ပြမေးခွန်းလေးဟာ ပထမအကြိမ် အဋ္ဌမပုံမှန်အစည်းအဝေးမှာ အရေးကြီးအဆိုအဖြစ် ဆုံးရှုံးခဲ့ရတဲ့မေးခွန်းလေးဖြစ်ပါတယ်။ ဒါပေမယ့် နောင်ပညာသင်နှစ်များအတွက် အကျိုးရှိနိုင်တဲ့အတွက် အခုလိုမေးခွန်းမေးခွင့်ရတာကို ကျေးဇူးတင်ကြောင်း ဦးစွာပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုန်းတော်ကြီးသင်ပညာကျောင်းများဟာ ကျွန်တော်တို့ ပုဂံခေတ်ကနေစပြီး ယနေ့ထက်တိုင်အောင် မြန်မာနိုင်ငံရဲ့ပညာရေးဖွံ့ဖြိုးမှုကို တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အင်္ဂလိပ်ကိုလိုနီခေတ်မှာ စာတတ်မြောက်မှုနှုန်းဟာ အင်္ဂလန်ထက်များနေတာကို အင်္ဂလိပ်များ အံ့အားသင့်စွာတွေ့ရှိခဲ့ရပါတယ်။ ၁၉၉၂ ခုနှစ် နဝတအစိုးရလက်ထက်မှာ ဘုန်းတော်ကြီးသင်ပညာကျောင်းများကို ပြန်လည်အားပေးခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ ဘုန်းတော်ကြီးသင်ပညာကျောင်းများကို အလယ်တန်းအဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ သို့ပေမယ့် ၁၉၉၆-၁၉၉၇ ခုနှစ်မှာ ပညာသင်အဆင့်တိုးမြှင့်ခြင်းကို ရပ်ဆိုင်းထားခဲ့ပါတယ်။ ၂၀၀၀ ခုနှစ်မှာ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်

ပညာအလယ်တန်းကျောင်းကို အထက်တန်းအဆင့်ဖြင့်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှာ စလေ ဘုန်းတော်ကြီးသင်ပညာကျောင်းကို အလယ်တန်းကျောင်းကို အထက်တန်းအဆင့်ဖြစ်သော်လည်းကောင်း ပညာရေးကော်မတီဥက္ကဋ္ဌမှ အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ပညာရေးကော်မတီဥက္ကဋ္ဌက အထက်တန်းကျောင်းအဆင့်တိုးမြှင့်ပေးသော်လည်း ပညာရေးဝန်ကြီးဌာနမှ တွဲဖက်အထက်တန်းကျောင်းအဖြစ် သာဖွင့်လှစ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ သာသနာရေးဝန်ကြီးဌာနရဲ့စာရင်းဇယားများအရ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်းပေါင်း၁၁၈၈ ကျောင်းရှိပါတယ်။ အလယ်တန်းအဆင့် ၄၀၅ ကျောင်းနဲ့ အထက်တန်းအဆင့် နှစ် ကျောင်းရှိပြီးတော့ ကျောင်းသူကျောင်းသားပေါင်းဟာ ၂၃၀၀၀၀ နီးပါးခန့်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုန်းတော်ကြီးသင်ပညာကျောင်းမှာ ဦးစီးဦးရွက်ဆောင်ရွက်နေကြတဲ့ ဆရာတော်ကြီးများဟာ ဘုန်းတော်ကြီးသင်ပညာကျောင်းများ အဆင့်တိုးမြှင့်ပေးဖို့ အစဉ်တစိုက်ကြိုးပမ်းခဲ့ကြပါတယ်။ ဆင်းရဲမွဲတေမှုကိုတိုက်ဖျက်ရာမှာ ပညာရေးဟာ အရေးကြီးတဲ့အတွက် ဤကဲ့သို့ အစဉ်တစိုက်ကြိုးပမ်းကြခြင်းဖြစ်ပါတယ်။ ကျောင်းသားအင်အားပြည့်စုံမှု၊ ဆရာလုံလောက်မှုနှင့် သင်ထောက်ကူပစ္စည်းပြည့်စုံမှုပေါ်မူတည်ပြီးတော့ ဆရာတော်ကြီးများဟာ ဘုန်းတော်ကြီးသင်ပညာကျောင်း ၄၁ ကျောင်းကို အဆင့်တိုးမြှင့်ပေးဖို့ တင်ပြခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးတို့ဟာ သမ္မတကြီးကို ဘုန်းတော်ကြီးသင်ပညာကျောင်းများ အဆင့်တိုးမြှင့်ပေးဖို့ နှုတ်အားဖြင့်တင်ပြခဲ့ရာ သမ္မတကြီးက နှုတ်အားဖြင့်တင်ပြခဲ့ပါတယ်။ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးကလည်း ၆-၆-၂၀၁၃ ခုနှစ်မှာ စာအမှတ် ၁၀၀/၄-၂၁/၂၀၁၃ ခုနှစ် ဝကရ စာအမှတ်ဖြင့် ပညာရေးဝန်ကြီးဌာနသို့ ဘုန်းတော်ကြီးသင်ပညာကျောင်း အလယ်တန်းကျောင်း ခြောက် ကျောင်းဟာ အထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ ဘုန်းတော်ကြီးသင်ပညာကျောင်း မူလတန်းကျောင်း ၃၅ ကျောင်းကို အလယ်တန်းအဆင့်အဖြစ်သို့လည်းကောင်း တိုးမြှင့်ပေးရန်အတည်ပြုစစ်ဆေး ထောက်ခံခဲ့ပါတယ်။ ဒီလိုအဆင့်တိုးမြှင့်ခံရတဲ့ ဘုန်းတော်ကြီးသင်ပညာကျောင်းများဟာ ကျောင်းသားများကိုလက်ခံပြီးတော့ ပညာသင်ကြားပေးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ရန်ကုန်တိုင်းအတွင်းမှာ နဝမတန်းကျောင်းသားပေါင်း ၇၆၂ ဦးရှိခဲ့ပြီးတော့ သတ္တမတန်းကျောင်းသားပေါင်း ၂၇၂ ဦးရှိခဲ့ပါတယ်။ ဇွန်လ ၁၄ ရက်နေ့မှာ ပညာရေး

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် သမ္မတရုံးသို့လိပ်မူပြီးတော့ စာအမှတ် ၃၆ ပညာ ၂(င) ၂၀၁၃(၅၄၈၆) စာအမှတ်ဖြင့် သမ္မတရုံးသို့လိပ်မူ၍ အစိုးရရုံးအဖွဲ့သို့တင်ပြအစီရင်ခံခဲ့ပါတယ်။ ဒါပေမယ့် အစိုးရအဖွဲ့အစည်းအဝေးမှာ ပညာရေးဝန်ကြီးဌာနရဲ့ ကန့်ကွက်ခဲ့တဲ့သတင်းများနဲ့အတူ သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ရဲ့လက်မှတ်နဲ့ စာအမှတ် ၂၉ (၄၅) ၂၀၁၃/၁/သမ္မတရုံး စာအမှတ်ဖြင့် ယခင်မူဝါဒများအတိုင်း ဆက်လက်ချမှတ်ဆောင်ရွက်ရန်ဆိုတဲ့ အကြောင်းကြားစာကြောင့် အဆင့်တိုးမြှင့်ခံရတဲ့ ဘုန်းတော်ကြီးသင်ပညာကျောင်းက ကျောင်းသားမိဘများ၊ ကျောင်းသားများ၊ ဆရာတော်များအားလုံး စိတ်မချမ်းမြေ့ဖြစ်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ သမ္မတရုံးရဲ့ညွှန်ကြားစာကြောင့် ဘုန်းတော်ကြီးသင်ပညာကျောင်းမှာ သင်ကြားနေတဲ့ ဒသမတန်းကျောင်းသူကျောင်းသားအားလုံးဟာ ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲလျှောက်လွှာများတင်တဲ့အခါမှာ လျှောက်လွှာတင်ခွင့် ဆုံးရှုံးခဲ့ ရပါတယ်။ ဘုန်းတော်ကြီးသင်ပညာကျောင်းမှာ တက်ရောက်သင်ကြားနေကြတဲ့ ကျောင်းသူကျောင်းသားများဟာ နွမ်းပါးတဲ့မိဘများကမွေးဖွားတဲ့ ကျောင်းသူကျောင်းသားများ ဖြစ်ပါတယ်။ တိုင်းရင်းသား သူငယ်များအများအပြားပါ ပါတယ်။ ဒီကျောင်းသားလေးတွေရဲ့ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးရခြင်းဟာ သူတို့ရဲ့အနာဂတ်ဘဝ ဝေဝါးသွားခဲ့ရပါတယ်။ စာကြိုးစားထားတဲ့ ကျောင်းသူကျောင်းသားများ၊ မိဘများနှင့်ဆရာတော်များအားလုံးလည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရပါတယ်။ ၂၀၁၅ ခုနှစ် ထောင်စုနှစ်ရည်မှန်းချက်ဖြစ်တဲ့ ဆင်းရဲမွဲတေမှုလျော့ချရေးလုပ်ငန်းစဉ်များလည်း အခက်အခဲဖြစ်ရပါတယ်။ စာမတတ်လို့ဆင်းရဲ၊ ဆင်းရဲလို့စာမတတ်ဆိုတဲ့ ဆိုးကျိုးသံသရာ စက်ဝိုင်းထဲ ရောက်ရှိသွားပါတယ်။ သို့ဖြစ်ပါ၍ ဘုန်းတော်ကြီးသင်ပညာကျောင်းမှာ သင်ကြားနေတဲ့ ကျောင်းသူကျောင်းသားများရဲ့ကိုယ်စား၊ မိဘများရဲ့ကိုယ်စား စေတနာရှေ့ထားပြီး အားကြိုးမာန်တက် ဆောင်ရွက်နေကြတဲ့ ဆရာတော်ကြီးများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ဖော်ပြပါမေးခွန်းကို မေးလိုပါတယ်။ (၁) ၂၀၁၃-၂၀၁၄ ခုနှစ် ဘုန်းတော်ကြီးသင်ပညာကျောင်းများမှာ တက်ရောက်ပညာသင်ကြားနေတဲ့ ဒသမတန်းကျောင်းသူကျောင်းသားလေးများ မည်သည့်အတွက်ကြောင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ လျှောက်လွှာများ ပယ်ချခံခဲ့ရပါသလဲ။ (၂) ယခု ၂၀၁၃-၂၀၁၄ နဝမတန်းမှာ တက်ရောက်သင်ကြားနေတဲ့ ကျောင်းသူကျောင်းသားများဟာ မကြာခင် ဒသမတန်းကို ရောက်ရှိတော့မှာဖြစ်ပါတယ်။ ဒီကလေးတွေ ၂၀၁၃-၂၀၁၄ ခုနှစ်က ကျောင်းသူကျောင်းသားများကဲ့သို့ မဖြစ်စေရန် ဘုန်းတော်ကြီးသင်ပညာကျောင်းမှာ တက်ရောက်သင်ကြားနေတဲ့ ကျောင်းသားလေးများအတွက်

မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်သလဲဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကာယသုခ ကိုယ်၏ကျန်းမာခြင်း၊ စိတ္တသုခ စိတ်၏ချမ်းသာခြင်း ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးစွာပဏာမ ဂါရဝနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်ဖြစ်ပါတယ်။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ နိုင်ငံတစ်ဝှမ်း တရားဝင်ဖွင့်လှစ်ထားသော မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှာ ကျောင်းသားကျောင်းသူများအား တယ်လီဖုန်း၊ ဂိမ်းစက်၊ အင်တာနက်သုံးကိရိယာနှင့် အခြားအီလက်ထရောနစ်ပစ္စည်းများ သယ်ဆောင်အသုံးပြုခြင်း မဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ညွှန်ကြားချက်ထုတ်ပြန်၍ တားဆီးထိန်းချုပ်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ခေတ်ကာလမှာ အဘက်ဘက်မှ ခေတ်မီပြောင်းလဲတိုးတက်လာတာနဲ့အညီ ICT ဆိုင်ရာပစ္စည်းများကို တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ဖြန့်ချိသုံးစွဲလာတာကို တွေ့ရှိကြရမှာဖြစ်ပါတယ်။ ဒီလိုသုံးစွဲကြရာမှာ ကွန်ပျူတာအမျိုးမျိုး၊ တယ်လီဖုန်း၊ ဟန်းဆက်အမျိုးမျိုးတို့ကို အင်တာနက်နဲ့ချိတ်ဆက်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာသတင်းများ၊ အသိပညာ၊ အတတ်ပညာများကို အလွယ်တကူရှာဖွေလေ့လာနိုင်နေပြီဖြစ်ပါတယ်။ ထိုသို့အကျိုးရှိရှိအသုံးပြုလေ့လာနိုင်မယ်ဆိုရင် အချိန်ကုန်လည်းသက်သာပြီး ငွေကြေးအကုန်အကျသက်သာစွာနှင့် ဗဟုသုတများ ဆည်းပူးရရှိနိုင်တဲ့ အကျိုးဖြစ်ထွန်းစေပါတယ်။ ဒါ့အပြင် ICT ဆိုင်ရာအတတ်ပညာရှင်များကလည်း သုံးစွဲသူများ လွယ်ကူအဆင်ပြေစေဖို့အတွက် Software အမျိုးမျိုးကိုတီထွင်ဖန်တီးလာကြတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ Facebook ကဲ့သို့သော Social Network

များကိုသုံးစွဲလာခြင်းအားဖြင့် တစ်ကမ္ဘာလုံးနဲ့ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ ခေတ်ကာလဖြစ်ပါတယ်။ တစ်ဖက်မှာ ဤကဲ့သို့အကျိုးများရှိသော်လည်းပဲ တစ်ဖက်မှာလည်း အခြားသောဂိမ်းများ အလွယ်တကူ ရရှိဆော့ကစားနိုင်ခြင်း၊ ညစ်ညမ်းပုံများနှင့်ဗီဒီယိုများကို အလွယ်တကူကြည့်ရှုနိုင်ခြင်း စတာကြောင့် လည်း ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်း များမှာ ကျောင်းသားကျောင်းသူများအား လက်ကိုင်ဖုန်းများ သယ်ဆောင်အသုံးမပြုရန် ညွှန်ကြားထား ခြင်းမရှိသော်လည်း ကျောင်းသားကျောင်းသူများရဲ့ စိတ်ဓာတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တတို့ကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေတဲ့အတွက် ကျောင်းစာသင်ချိန်အတွင်းမှာ တယ်လီဖုန်းသုံးခြင်း၊ အင်တာနက်၊ ဂိမ်း၊ ဗီဒီယို၊ ရုပ်ရှင်စသည့် အခြားအီလက်ထရောနစ်ပစ္စည်းများကို လွဲမှားစွာအသုံးမပြုကြစေရန် အခြေခံပညာကျောင်းများရှိ ကျောင်းအုပ်ကြီးများဦးဆောင်တဲ့ ကျောင်း စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ကျောင်းစည်းကမ်းသတ်မှတ်ချက်များဖြင့် ထိန်းသိမ်းကြပ်မတ်ဆောင် ရွက်လျက်ရှိပါကြောင်းနှင့် လက်ဦးဆရာမည်ထိုက်စွာ ပုပ္ပစရိယမိနှင့်ဖ ဆိုသကဲ့သို့ ကျောင်းသားမိဘ များအနေနဲ့လည်း မိမိတို့ရဲ့ကလေးများ ခေတ်ပေါ်အီလက်ထရောနစ်ပစ္စည်းများကို လွဲမှားစွာအသုံးမ ပြုစေရေး ကြပ်မတ်ထိန်းကျောင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ဆက်လက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာဇော်မြင့်မောင်ရဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ မှာတက်ရောက်ပညာသင်ယူနေသော ဒသမတန်းကျောင်းသားများ မည်သည့်အတွက်ကြောင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများကို လက်ခံခြင်းမပြုပါသလဲ။ ဖြေဆိုခွင့် ရရန် မည်သို့ဆောင်ရွက်ရမည်ကို သိလိုပါသည်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်က ဆက်လက် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ယခင် မြန်မာနိုင်ငံပညာရေးကော်မတီ အစည်းအဝေးအမှတ် (၁/၉၆) မှ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများနှင့်စပ်လျဉ်းပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာ အလယ်တန်းပညာသင်ကြား ခြင်းကိုခွင့်မပြုရန်ဟု ဆုံးဖြတ်ချက်ချထားခဲ့ပြီးတဲ့နောက်မှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ

ကိုမူလတန်းလွန်ကျောင်းအထိသာ ဖွင့်လှစ်ခွင့်ပြုပါတယ်။ သာသနာရေးဝန်ကြီးဌာနမှ ညှိနှိုင်းမေတ္တာရပ်ခံချက်အရ ဘုန်းတော်ကြီးသင်တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း လေးကျောင်းတို့ကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့လည်းကောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၃၅ ကျောင်းတို့ကို အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ယခင်မူဝါဒအတိုင်းသာဆောင်ရွက်ရန် ညွှန်ကြားချက်အရ ပညာရေးဝန်ကြီးဌာနမှ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း ခွင့်မပြုခဲ့ခြင်းဖြစ်ပါတယ်။ သို့ရာမှာလည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိတဲ့တွဲဖက်အခြေခံပညာအထက်တန်းကျောင်း(ဖောင်တော်ဦး)နှင့် မဟာဝိဇယရံသီ (စလေ) ကျောင်းတို့ကိုသာ အလယ်တန်းအဆင့် သင်ကြားခွင့်ပြုထားပြီး ကျန်ကျောင်းများဟာ မူလတန်းနှင့် အလယ်တန်းအဆင့်သာ သင်ကြားနေရသောကျောင်းများဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနရဲ့ တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်လျှောက်လွှာများ တင်သွင်းခြင်းနှင့် လက်ခံခြင်းလမ်းညွှန်ချက်စာအုပ်၊ စာမျက်နှာ (၄) အပိုဒ် (၉) မှာပဲ ကျောင်းအလိုက် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများ တင်သွင်းရာမှာ တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများဟာ ကျောင်းခေါ်ကြိမ် ၇၅ ရာခိုင်နှုန်း ပြည့်မီအောင် ကျောင်းတက်ရောက်ခြင်းမရှိပါက တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများတင်သွင်းခွင့်မပြုကြောင်း၊ ပထမအကြိမ် ဖြေဆိုမယ့် ကျောင်းသူကျောင်းသားများဟာ ကျောင်းခေါ်ကြိမ် ၇၅ ရာခိုင်နှုန်းမပြည့်ပါက ပြင်ပဖြေအဖြစ်လည်း ဖြေဆိုခွင့်ပြုမည်မဟုတ်ပါကြောင်း ဖော်ပြသတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။ ခုနကကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်း ပြည့်မီအောင်တက်ရမယ့်ကျောင်းတွေကတော့ အထက်တန်းအဆင့်သင်ရန် တရားဝင်ဖွင့်လှစ်ခွင့်ပြုထားသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ အစိုးရအခြေခံပညာအထက်တန်း အဆင့်သင်ကျောင်းများမှာ ၇၅ ရာခိုင်နှုန်းပြည့်မီအောင်တက်ရမှာဖြစ်ပါတယ်လို့ ညွှန်ကြားထားတာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုမေးမြန်းထားတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ကျောင်းသားကျောင်းသားများဟာ နိုင်ငံတော်မှ တရားဝင်ဖွင့်လှစ်ထားတဲ့ အခြေခံပညာအထက်တန်းကျောင်းများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လူငယ်သင်တန်းကျောင်းများ၊ ဖောင်တော်ဦးနှင့် မဟာဝိဇယရံသီ(စလေ) ဘုန်းတော်ကြီးသင် တွဲဖက်အခြေခံပညာ အထက်

တန်းကျောင်းများတွင်သာ တက်ရောက်သင်ကြားသင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စက်မှုလယ်ယာဦးစီးဌာနသို့ လယ်ထွန်စက်များ အစီးရေတိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်

အနေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းနဲ့ပြည်နယ်တိုင်းရှိ စက်မှုလယ်ယာဦးစီး ဌာနများမှာ လယ်ထွန်စက်ကြီးများ စီးရေတိုးဖြည့်တင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးလက်နေ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားမှာ မိမိတို့နိုင်ငံသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများရှိနေသော်လည်း ယနေ့ ဆင်းရဲနွမ်းပါးမှုနှုန်းများနေသေး ကြောင်း၊ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး ဆင်းရဲနွမ်းပါးမှုအများဆုံး မှာကျေးလက်နေပြည်သူများဖြစ်ပြီး လက်လုပ်လက်စားသမားများအနေနဲ့လည်း ယင်းလုပ်ငန်းများ အပေါ်တွင် မှီခိုအားထားနေရပါကြောင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်မည်ဖြစ်၍ လက်ရှိအခြေအနေတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အလေးထား ဆောင်ရွက်နေကြောင်း နိုင်ငံတော်သမ္မတကမိန့်ကြားထားခဲ့ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်အတွင်း တောင်သူလုပ်ငန်းလုပ်ကိုင်စားသောက်နေကြသော တောင်သူ လယ်သမားများအနေနဲ့ ရာသီအမီထွန်ယက်စိုက်ပျိုးနိုင်ရန် အခက်အခဲကြုံတွေ့နေရတာကို တွေ့မြင် နေရပါတယ်ခင်ဗျား။ အကြောင်းကတော့ တောင်သူလယ်သမားများအနေနဲ့ မိမိတို့၏လက်ရှိ ခိုင်းနွား ကြီးများကိုရောင်းပြီးတော့ ခိုင်းနွားငယ်များ၊ နွားမများဖြင့်သာ ထွန်ယက်စိုက်ပျိုးလာကြရပြီး နွားပေါင် ထိကန် စိုက်ပျိုးစရိတ်သုံးစွဲလာမှုများလာတာကို တွေ့မြင်နေရပါတယ်။ လယ်ယာစိုက်ပျိုးနိုင်ရေး အတွက် အားသွန်ခွန်စိုက်လုပ်အားကြိုးစားအားထုတ်ပါသော်လည်း လက်ရှိထွန်ယက်နေတဲ့ အင်အား နည်းနွားများဖြင့် ရာသီအမီမစိုက်ပျိုးနိုင်ကြောင်း လေ့လာတွေ့ရှိနေရပါတယ်။ စပါးစိုက်ရန်အတွက် လက်တွန်းထွန်စက်များဖြင့် လယ်ယာမြေကို ထွန်ယက်စိုက်ပျိုးအဆင်ပြေနိုင်သော်လည်းပဲ ယာမြေ မှာပင် ထွန်ယက်စိုက်ပျိုးအသုံးပြုပါက ခရီးမရောက်နိုင်ပါဘူး။ ပဲ၊ နှမ်း၊ ပြောင်း၊ ဝါ၊ ငရုတ်၊ ဂုန်လျှော်၊ ကြံ အထူးသဖြင့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်တဲ့ ဝါ၊ ဂုန်လျှော်၊ ကြံ စတဲ့ဒေသတွေမှာ ရာသီအမီ စိုက်ပျိုးနိုင်ဖို့ ထွန်စက်ကြီးများနှင့် ထွန်ယက်နိုင်ပါမှ အချိန်မီစိုက်ပျိုးနိုင်မယ့် အနေအထားရှိနေပါ တယ်။

တောင်သူလယ်သမားများအနေနဲ့ ထွန်စက်ကြီးများငှားရမ်းအသုံးပြုလိုသူများပြားနေတဲ့ အချိန် အခါလည်းဖြစ်နေပြီဖြစ်သဖြင့် မြို့နယ်အသီးသီးရှိ ထွန်စက်စခန်းများတွင် နိုင်ငံတော်အနေနဲ့ လက်ရှိ ထွန်စက်စီးရေထက်ပိုမိုတိုးချဲ့ပြီး ရာသီအမီစိုက်ပျိုးနိုင်ရန် ထွန်စက်စီးရေထပ်တိုးပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် မည်ကဲ့သို့စီမံထားရှိကြောင်း သိရှိလိုပါ၍ လေးစားအပ်ပါသော

မူကြမ်း

လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အင်းလေးဒေသ မိုးဗြဲဆည်ကြီးတွင် သဲနုန်းများစုပ်ထုတ်၍ ကမ်းစပ်များတွင် မြေတူးမြေကော်စက်များဖြင့်တူးဖော်ပေးရန်နှင့် လိုအပ်လျက်ရှိသော ခေတ်မီသောင်တူးစက်များဝယ်ယူပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမဲဆန္ဒနယ် အင်းလေးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင် တောင်အင်း၊ မြောက်အင်းဟူ၍ ကန်ကြီး နှစ်ကန်ရှိပါတယ်။ ဒေသအခေါ် တောင်အင်းမှာ မိုးဗြဲဆည်ဖြစ်ပြီး မြောက်အင်းမှာ အင်းလေးကန် ဖြစ်ပါတယ်။ အင်းလေးကန်အတွင်းသို့လည်းကောင်း၊ မိုးဗြဲဆည်အတွင်းသို့လည်းကောင်း ချောင်းကြီး ချောင်းငယ်အသွယ်သွယ်ပေါင်း ၂၉၃ ချောင်း စီးဝင်နေကြရာ ပညာရှင်များရဲ့ တွက်ဆချက်အရ နှစ်စဉ်သဲနုန်းပမာဏကုဗပေ သန်း ၃၀ ခန့်ဝင်ရောက်ပို့ချနေကြောင်း သိရပါတယ်။

ထိုသို့ဖြစ်ပေါ်လျက်ရှိရာ အင်းလေးကန်အတွင်းတွင် မြေတူးမြေကော်စက်များ၊ နုန်းထုတ်စက်၊ သောင်တူးစက်များဖြင့် အခါအားလျော်စွာ တူးဖော်ပေးခြင်းများရှိပါတယ်။ စစ်ကိုင်းဒေသ၊ မိုးဗြဲဒေသမှ ဒေသနေပြည်သူများရဲ့ တင်ပြဆွေးနွေးချက်များမှာ တောင်အင်းတွင်လည်း နှစ်စဉ်သဲနုန်းပို့ချဝင်ရောက်နေခြင်းကြောင့် နုန်းမြေများကို စုပ်ထုတ်ပေးခြင်းဖြင့် ရေလှောင်ပမာဏပိုမိုလာပြီဖြစ်ကြောင်း တင်ပြကြပါတယ်။ လူထုတွေ့ဆုံပွဲများမှာ ဆည်မြောင်းဌာနမှ ပြောခွင့်ရသူရဲ့တင်ပြချက်မှာ နုန်းမြေများစီးဝင်နေမှုပမာဏကြီးမားခြင်း၊ သောင်တူးစက်အရေအတွက်နည်းပါးနေခြင်း၊ လက်ရှိတူးဖော်နေသောစက်များမှာ ခေတ်မမီတော့ဘဲ နှစ်ကြာလွန်နေပြီဖြစ်သောကြောင့် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လျက်ရှိရာ ပြင်ဆင်နေရ၍ အချိန်ပိုကုန်နေခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း တင်ပြကြပါတယ်။

ထို့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းမှာ (က) မိုးပြဲဆည်ကြီးတွင် သဲနုန်းများစုပ်ထုတ်၍ ကမ်းစပ်များတွင် မြေတူးမြေကော်စက်များဖြင့် တူးဖော်ပေးရန် အစီအစဉ်ရှိပါသလား။ (ခ) ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရှမ်းပြည်နယ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ လိုအပ်လျက်ရှိတဲ့ ခေတ်မီသောင်တူးစက်ကြီးများ ဝယ်ယူပေးပို့ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ဒေသနေပြည်သူများကိုယ်စားမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးရဲ့ မေးမြန်းချက်အပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော်မှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီရဲ့ စက်မှုလယ်ယာဦးစီးဌာနများနဲ့ ပတ်သက်တဲ့မေးမြန်းချက်ကို ကျွန်တော်ဦးစွာ ရှင်းလင်းတင်ပြပါမယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုလယ်ယာဦးစီးဌာနဟာ မြန်မာနိုင်ငံတစ်ဝန်းမြို့နယ်အဆင့် စက်မှုလယ်ယာစခန်းပေါင်း ၁၁၇ ခု ဖွင့်လှစ်ထားရှိပြီး လယ်ယာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများဖြန့်ဖြူးပေးခြင်းနှင့် တောင်သူလယ်သမားများအားလေ့ကျင့်ပညာပေးခြင်းတို့ကို အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစက်မှုလယ်ယာစခန်းများတွင် ထွန်စက်ကြီးစီးရေ ၁၈၂၂ စီး ရှိပြီး လုပ်ငန်းခွင်ဝင်နိုင်သော ထွန်စက်စီးရေ ၁၃၈၀ စီးဖြင့် လယ်သမားများအတွက် ထွန်ယက်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ တောင်သူလယ်သမားများအား ဝန်ဆောင်မှုပေးနေသော လက်ရှိဌာနပိုင် ထွန်စက်ကြီးအများစုသည် သုံးစွဲမှုသက်တမ်းကြာမြင့်ပြီး စွမ်းဆောင်ရည်ကျဆင်းလာမှုကြောင့် စက်အသစ်များဖြင့် အစားထိုးခြင်း

မူကြမ်း

ကိုပထမဦးစားပေးအဖြစ်လည်းကောင်း၊ ထွန်စက်စီးရေ ထပ်မံတိုးချဲ့ရင်းနှီးမြှုပ်နှံမှုကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း လျာထားဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုလယ်ယာဦးစီးဌာနသည် ထွန်စက်ကြီးများ အစားထိုးဖြည့်တင်းရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၃၀ စီးနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၈၀ စီးတို့အတွက် ခွင့်ပြုရန်ပုံငွေများရရှိဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆက်လက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၄၀၀ စီး နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၄၀၀ စီး အစားထိုးဖြည့်တင်းနိုင်ရန် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ထည့်သွင်းလျာထားပါသောကြောင့် ရန်ပုံငွေခွင့်ပြုချက်ရရှိပါက မြို့နယ်စက်မှုလယ်ယာစခန်းများတွင် လုပ်ငန်းခွင်ထွန်စက်များပိုမိုထားရှိဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာပင် ပုဂ္ဂလိကပိုင်းနှင့် သမဝါယမပိုင်းမှာလည်း တောင်သူလယ်သမားများ လိုအပ်ချက်အရ ဒေသအလိုက် စိုက်ပျိုးလျက်ရှိသော စပါး၊ ပြောင်း၊ ကြံ၊ ဆီထွက်သီးနှံအမျိုးမျိုး အစရှိသည့် သီးနှံအမျိုးအစားအလိုက် အချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းနှင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများတွင် သင့်တော်သောလယ်ယာသုံးစက်ကိရိယာများ ပူးပေါင်းကူညီဖြည့်ဆည်းဆောင်ရွက်နိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများမှ ဆက်စပ်ပေါင်းစပ်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များတွင်ထွန်ယက်ရေးလုပ်ငန်းအား ရာနှုန်းပြည့်စက်မှုလယ်ယာကူးပြောင်းဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကကုမ္ပဏီများနှင့် သမဝါယမဝန်ကြီးဌာနတို့ပူးပေါင်း၍ တောင်သူများကြိုက်နှစ်သက်သည့် စက်ကိရိယာများကို သင့်တော်သောအရစ်ကျစနစ်ဖြင့် ဝယ်ယူအသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ ရိတ်သိမ်းခြွေလှေ့လုပ်ငန်းများတွင်လည်း အလေအလွင့်နည်းပါး၍ အရည်အသွေးကောင်းသီးနှံများရရှိပြီး တောင်သူများဝင်ငွေတိုးစေရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များအားစုဖွဲ့၍ ရှေ့တန်းဝန်ဆောင်မှုစခန်းများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ယာလုပ်ငန်းခွင်တွင် တောင်သူများအရေးကြီးလိုအပ်နေသော အလေအလွင့်နည်းပါး၍ အရည်အသွေးကောင်းသီးနှံများရရှိစေမည့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီးများကို စက်မှုဝန်ကြီးဌာနမှ ပြည်တွင်းတွင်တပ်ဆင်ထုတ်လုပ်၍ ကူညီဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအစီအစဉ်ဖြင့်သော်လည်းကောင်း၊ ပုဂ္ဂလိကပိုင်ဆိုင်မှုအနေဖြင့်သော်လည်းကောင်း ကျယ်ပြန့်

စွာဖြည့်တင်းအသုံးပြုနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စက်မှုဝန်ကြီးဌာနအနေဖြင့် ယခုအခါ စပါးရိတ်သိမ်းခြွေလှေ့စက်များကို ပထမအသုတ်အနေဖြင့် ၄၀ဝ စီးကို ကြိုတင်စုဆောင်းထားရှိပြီး၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုအပ်ချက်အပေါ် ရောင်းချပေးရန် အသင့်ရှိကြောင်းသိရှိရပါတယ်။ ထိုကဲ့သို့ ပုဂ္ဂလိကပိုင်းမှသော်လည်းကောင်း၊ သမဝါယမပိုင်းမှသော်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများကို မတည်ဆောင်ရွက်ပေးပြီး၊ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာသုံးစက်ကိရိယာများ ပိုမိုတိုးချဲ့အသုံးပြုဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အဆိုပါ လယ်ယာသုံးစက်ကိရိယာများအားလယ်ယာလုပ်ငန်းခွင်တွင် ထိရောက်စွာကိုင်တွယ် မောင်းနှင်အသုံးပြုနိုင်ရေးအတွက် တောင်သူလယ်သမားများအား လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများ၊ လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမှုသင်တန်းများကို စက်မှုလယ်ယာဦးစီးဌာနလက်အောက်ရှိ ဗဟိုသင်တန်းကျောင်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ သင့်လျော်သောနေရာများတွင် အခမဲ့ဖွင့်လှစ်သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းလွှတ်တော်ကိုယ်စားလှယ်ကြီးများအား သိရှိနိုင်ပါရန်ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေရဲ့ ရှမ်းပြည်နယ် အင်းလေးဒေသနှင့် မိုးဗြဲဆည်နှင့်ပတ်သက်တဲ့ မေးမြန်းချက်ကို ကျွန်တော် ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်မှာ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသတွင် တောင်အင်း၊ မြောက်အင်းဟူ၍ ကန် နှစ်ကန်ရှိရာ တောင်အင်းမှာ မိုးဗြဲဆည်ဖြစ်ပြီး မြောက်အင်းမှာ အင်းလေးကန် ဖြစ်ပါတယ်။ အဆိုပါ ကန် နှစ်ကန်အနက် အင်းလေးကန်သည် ရှမ်းပြည်နယ်၏ သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် အရေးပါသည့် နေရာဒေသတစ်ခုအဖြစ် ကမ္ဘာ့ရေတိမ်ဒေသထိန်းသိမ်းရေးအဖွဲ့အစည်းများမှ လက်ခံထားသည့် အာဆီယံအမွေအနှစ်ဥယျာဉ်ဖြစ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနသည် ၁၉၉၂ ခုနှစ်မှစ၍ အထောက်အကူပြုအဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အင်းလေးကန်ဧရိယာသည် မူလက ၁၀၄ စတုရန်းမိုင် ကျယ်ဝန်းခဲ့ရာမှ သဲနုန်းများအနည်ပို့ချမှု၊ လူဦးရေထူထပ်မှုနှင့် အခြေချနေထိုင်သူဦးရေ များပြားလာမှု၊ ကျွန်းမျော (ခေါ်) ရေခြံစိုက်ခင်းများ များပြားလာမှုတို့ကြောင့် လက်ရှိနယ်နိမိတ် ဧရိယာသည် ၆၃ စတုရန်းမိုင်သာ ကျန်ရှိတော့ကြောင်း တွေ့ရှိရပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် လက်ရှိအင်းလေးကန်ရေပြင်ဧရိယာ ထပ်မံလျော့နည်းမသွားစေရန် စီမံကိန်းများချမှတ်၍ အင်းလေးကန်အတွင်းသို့ စီးဝင်သော နုန်းဆင်းချောင်းများပေါ်တွင် နုန်းဖမ်းဆည်ငယ်များတည်ဆောက်၍ နုန်းဖမ်းခြင်းအားဖြင့်လည်းကောင်း၊ အဓိကရေဝင်ချောင်းများတွင် သဲနုန်းများ တူးဖော်ပေးခြင်းအားဖြင့်လည်းကောင်း၊ အင်းလေးကန်အတွင်း နုန်းဝင်ရောက်မှုနည်းပါးစေရန် ဆောင်ရွက်လျက်ရှိပါတယ်။

အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဆည်မြောင်းဦးစီးဌာနမှ ၁၉၉၂ ခုနှစ်မှစတင်၍ နုန်းထိန်းတမံ ခြောက် ခု၊ နုန်းဖမ်းဆည် ၂၄၈ ခုတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ သောင်တူးစက် သုံးစီး၊ မြေတူးမြေကော်စက် ခြောက်စီး တို့ဖြင့် အင်းလေးကန်အတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ရေလမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်တွင်ပါရှိတဲ့ တောင်အင်း(ခေါ်) မိုးပြဲဆည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထိန်းသိမ်းထားသောဆည် မဟုတ်ဘဲ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထိန်းသိမ်းထားသော ဆည်ဖြစ်ပါ၍ မိုးပြဲဆည်အတွင်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်နှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် သဘောထားမှတ်ချက်ပေးရန် မရှိပါကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ရှမ်းပြည်နယ်၊ ဆည်မြောင်းဦးစီးဌာနသို့ ခေတ်မီသောင်တူးစက်များ ဝယ်ယူပေးပို့ရန် အစီအစဉ် လတ်တလောအားဖြင့် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဓာတ်မြေဩဇာများထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြုဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူး တိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ တောင်သူလယ်သမားများအတွက် အဓိကသွင်းအားစုဖြစ်တဲ့ ယူရီးယားဓာတ်မြေဩဇာကို စွမ်းအင်ဝန်ကြီးဌာနက တန်ချိန်ပေါင်း ၃၀၀ ကျော်ထုတ်လုပ်ပြီး စက်ရုံထုတ်ဈေး တစ်အိတ်လျှင် ၁၄၄၀၀ိ ကျပ်နှုန်းနဲ့ ရောင်းချပေးတယ်လို့ကြားသိရသော်လည်း အစိုးရသစ်ရဲ့သက်တမ်းတစ်ဝက် ကျော် ယခုမေးခွန်းတင်ချိန် ၂၈-၁၁-၂၀၁၃ ခုအထိ တောင်သူလယ်သမားတစ်ဦးတစ်ယောက်မှ သက်သာတဲ့နှုန်းထားနဲ့ ဝယ်ယူရရှိတယ်လို့ မကြားသိခဲ့ရပါဘူး။ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အစိုးရ အဖွဲ့က ကုမ္ပဏီကြီးအချို့ကိုသာ ပါမစ်စနစ်နဲ့ရောင်းချပေးနေတဲ့အတွက် တောင်သူလယ်သမား များမှာ တစ်အိတ်ကို ၁၈၀၀ဝိ ကျပ်မှ ၂၀၀၀ဝိ ကျပ်ထိ ဈေးကြီးပေးဝယ်ယူသုံးစွဲနေကြရပါတယ်။ တောင်သူလယ်သမားတွေအသုံးအများဆုံးအချိန်မှာ ကုန်သည်တွေရဲ့ ဈေးကစားခြင်းကိုလည်းခံကြရ ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စွမ်းအင်ဝန်ကြီးဌာနကထုတ်တဲ့ ယူရီးယားဓာတ်မြေဩဇာမှာ နိုက်ထရိုဂျင် ၄၆ ရာခိုင်နှုန်းပါဝင်ပြီး အလေးချိန် ၅၀kg လို့ရေးထားသော်လည်း ပိဿာ ၃၀ ခန့်သာပါရှိပြီး အလေးချိန်လျော့ပါတယ်။ ပါကင်လည်းညံ့ပါတယ်။ အိတ်တွေဟာ ပေါက်ပြဲလွယ်ပြီးတော့ အစိုပြန်ခဲ တတ်ပါတယ်။ ကာလပေါက်ဈေးကတော့ ၁၈၀၀ဝိ ကျပ်နှုန်းခန့်ရှိပါတယ်။ တောင်သူလယ်သမားများ လိုအပ်ချိန်မှာ အလွယ်တကူ အလုံအလောက်ဝယ်ယူလို့ မရပါဘူး။ တရုတ်ကထုတ်တဲ့ ရွှေတောင် ယူရီးယားဓာတ်မြေဩဇာတွေကတော့ ဈေးကွက်မှာအလွန်ပဲ အလွယ်တကူဝယ်လို့ရပြီးတော့ လူကြိုက် များပါတယ်။ ဈေးလည်းပိုကြီးပါတယ်။ အဲ့လိုဈေးပိုကြီးတဲ့အတွက် အိတ်ခွံပြောင်းလဲပြီးတော့ ရောင်းချ ရတယ်လို့လည်း သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စွမ်းအင်ဝန်ကြီးဌာန စက်ရုံအသီးသီးကထုတ်တဲ့ ဓာတ်မြေဩဇာတွေဟာ လက်ဝါးကြီးအုပ်ကုမ္ပဏီများရဲ့ ဂိုဒေါင်တွေထဲကို တိုက်ရိုက်ရောက်ရှိသွား ပြီးတော့ အရောအနှောလည်းလုပ်ကြပါတယ်။ ဆားရောထားတဲ့ဓာတ်မြေဩဇာကို ကိုယ်တိုင်တွေ့မြင် သိရှိရပါတယ်။ အရည်အသွေးမမီတဲ့ အရောအနှော ဓာတ်မြေဩဇာတွေကြောင့်သီးနှံအထွက်နှုန်းကို ကြီးစွာထိခိုက်ကြောင်းလည်း သိရှိရပါတယ်။ တောင်သူလယ်သမားများခမျာ နည်းမျိုးစုံ လိမ်ညာ ရောင်းချတာ ကျောကော့အောင်ခံနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သနပ်ပင်မြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီက ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် သက်သာတဲ့နှုန်းထားနဲ့ ပြန်လည်ရောင်းချပေးရန် ပြည်ထောင်စုဝန်ကြီးဌာန အထိ အဆင့်ဆင့်လျှောက်ထားသော်လည်းပဲ ဝယ်ယူခွင့်မရသေးကြောင်းသိရပါတယ်။ ယခုရက်ပိုင်း

မှာပါမစ်ရထားတဲ့ကုမ္ပဏီမှတစ်ဆင့် တစ်အိတ်ကို ၁၆၀၀ဝ ကျပ်နှုန်းနဲ့ ရောင်းချပေးလာကြောင်းလည်း သိရှိရပါတယ်။ တစ်ဆင့်ခံမဟုတ်ဘဲနဲ့ မြို့နယ်အဖွဲ့အစည်းကို တိုက်ရိုက်ကိုယ်စားလှယ်ပေးရောင်းချပေးသင့်ပါတယ်။ တစ်ဆင့်ခံမဟုတ်ဘဲ ရောင်းချပေးမယ်ဆိုလို့ရှိရင် အရည်အသွေးနဲ့ အလေးချိန်လျော့နည်းမှုကို ထိန်းနိုင်မှာဖြစ်ပါတယ်။ တောင်သူလယ်သမားများအတွက်လည်း ပိုပြီးတော့ အကျိုးရှိမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းလိုတဲ့မေးခွန်းများကတော့ တောင်သူလယ်သမားများရဲ့ လယ်ယာစိုက်ပျိုးရေးအတွက် အဓိကသွင်းအားစုတစ်ခုဖြစ်တဲ့ ပုလဲဓာတ်မြေဩဇာများကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ပုဂ္ဂလိကကုမ္ပဏီကြီးအချို့ကိုသာ ဝယ်ယူခွင့်ပါမစ်ထုတ်ပေးရောင်းချနေတယ်ဆိုတာ ဟုတ်ပါသလား။ (၂) နိုင်ငံတော်ပိုင်စက်ရုံများက ပုလဲဓာတ်မြေဩဇာများကို တစ်နှစ်လျှင် တန်ချိန်/အိတ်ရေ မည်မျှထုတ်လုပ်ရောင်းချပေးပါသလဲ။ တောင်သူလယ်သမားများလိုအပ်ချိန်မှာ အလုံအလောက်ထုတ်လုပ် ဖြန့်ဖြူးပေးရန်ရှိပါသလား။ (၃) ထုတ်လုပ်တဲ့ဓာတ်မြေဩဇာများ အရည်အသွေးကိုမထိခိုက်စေရန် ပိုမိုကောင်းမွန်တဲ့ ထုပ်ပိုးမှုစနစ်ဖြင့် ထုတ်လုပ်ပေးရန်အစီအစဉ်ရှိပါသလား။ (၄) တောင်သူလယ်သမားများ ဈေးနှုန်းချိုသာစွာ အလွယ်တကူဝယ်ယူသုံးစွဲနိုင်ရေးနဲ့ စိုက်ပျိုးအသုံးပြုချိန်အမီ ဖြန့်ဖြူးပေးမယ့် အစီအစဉ်များရှိပါသလား။ (၅) တောင်သူလယ်သမားများ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော်လည်းကောင်း တိုက်ရိုက်ဝယ်ယူခွင့်ရှိပါသလား။ (၆) သနပ်ပင်မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီရဲ့ ပုလဲဓာတ်မြေဩဇာ ဝယ်ယူခွင့်လျှောက်လွှာကို နွေစပါးစိုက်ချိန်အမီ ဝယ်ယူခွင့်ပါမစ်ချပေးရန် အစီအစဉ်များရှိပါသလား။ ကျေးဇူးပြုပြီးတော့ ဖြေကြားပေးပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်ဇော် (ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးမှ ယူရီးယားဓာတ်မြေဩဇာထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှု၊ ထုပ်ပိုးမှုနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းများနှင့်ပတ်သက်ပြီးတော့ ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန

ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ သက်ဆိုင်ရာဝန်ကြီးဌာန နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ပုဂ္ဂလိကကုမ္ပဏီကြီးအချို့ကိုသာ ပုလဲဓာတ်မြေသြဇာ ဝယ်ယူခွင့်ပါမစ် ထုတ်ပေးရောင်းချနေသည်ဆိုသည်မှာ ဟုတ်ပါသလား မေးခွန်းနှင့်စပ်လျဥ်း၍ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယူရီးယားဓာတ်မြေသြဇာများအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည် မြောင်းဝန်ကြီးဌာနမှ စီမံကြီးကြပ်ဆောင်ရွက်လျက်ရှိတဲ့ စိုက်ပျိုးသီးနှံများ အထွက်တိုးစေရေးအတွက် အဓိကဦးစားပေးဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ထိုသို့ ဖြန့်ဖြူးရောင်းချရာမှာ တောင်သူ လယ်သမားများနဲ့ စိုက်ပျိုးရေးအမှန်တကယ်ဆောင်ရွက်သူများလက်ဝယ်ကို ဈေးနှုန်းချိုသာစွာဖြင့် ရောက်ရှိရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များမှတစ်ဆင့်လည်းကောင်း၊ ပြည်နယ် နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ယူသတ်မှတ်ပေးသည့် Authorized Dealers များမှတစ်ဆင့် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း အသင်းလက်အောက်မှာရှိတဲ့ ဆန်စပါးအထူးပြုကုမ္ပဏီများမှတစ်ဆင့်လည်းကောင်း၊ စက်ရုံများရဲ့ ထုတ်လုပ်နိုင်မှုနှင့်လိုအပ်ချက်အပေါ် အခြေခံပြီးတော့ အချိုးကျဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ၎င်းအပြင် စက်ရုံများရဲ့ ထုတ်လုပ်နိုင်မှုအခြေအနေပေါ်မူတည်ပြီး အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ (စလေ) နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)တို့မှာရှိတဲ့ ယူရီးယားဓာတ်မြေသြဇာ များကို ၁-၄-၂၀၁၃ ရက်နေ့မှ ၃၁-၅-၂၀၁၃ ရက်နေ့ထိ လွတ်လပ်စွာ ရောင်းချပေးမည်ဖြစ်ကြောင်း နေ့စဥ်ထုတ် သတင်းစာတို့မှာ ထည့်သွင်းကြော်ငြာပြီးတော့ တောင်သူလယ်သမားများလက်ဝယ်ကို တိုက်ရိုက်ရောင်းချပေးခဲ့ပါတယ်။ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)မှာ စက်ရုံမှူးရဲ့ အစီအစဥ်ဖြင့်လည်း ၂၄-၄-၂၀၁၃ ရက်နေ့မှ ၃၀-၆-၂၀၁၃ ရက်နေ့အထိ လူတစ်ဦးလျှင် အများဆုံး တန် ၅၀ ထက်မပိုသော ပမာဏအားလည်းကောင်း၊ ၁-၇-၂၀၁၃ ရက်နေ့မှ ၃၁-၈-၂၀၁၃ ရက်နေ့အထိ လူတစ်ဦးလျှင် အများဆုံး ၂၅ တန်ထက် မပိုသောပမာဏအားလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ် ပြားပြ၍ စက်ရုံတွင်တိုက်ရိုက်ဝယ်ယူခွင့်ပြုခဲ့ရာမှာ ယူရီးယားဓာတ်မြေသြဇာတန်ချိန် ၃၀၉၅၂.၉၅ တန်အား ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပါကြောင်းနဲ့ ပုဂ္ဂလိကကုမ္ပဏီကြီးအချို့ကိုသာရွေး၍ ယူရီးယား ဓာတ်မြေသြဇာ ဝယ်ယူခွင့်ပါမစ်ထုတ်ပေးရောင်းချနေသည်မှာ မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ နိုင်ငံတော်ပိုင်စက်ရုံများက ပုလဲဓာတ်မြေသြဇာများကို တစ်နှစ်လျှင် တန်ချိန်/အိတ်ရေ မည်မျှထုတ်လုပ်ရောင်းချပေးပါသလဲ၊ တောင်သူလယ်သမားများလိုအပ်ချိန်မှာ

အလုံအလောက်ထုတ်လုပ် ဖြန့်ဖြူးပေးရန်ရှိပါသလား မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်မှာရှိတဲ့ ဓာတ်မြေသြဇာစက်ရုံ ငါးရုံရှိတဲ့အနက် သဘာဝဓာတ်ငွေ့ခွဲဝေသုံးစွဲမှု အစီအစဉ်အရ အမှတ် (၂)ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)အား ၃-၆-၂၀၀၉ ရက်နေ့တွင်လည်းကောင်း၊ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)အား ၇-၉-၂၀၁၀ ရက်နေ့တွင်လည်းကောင်း ရပ်ဆိုင်းထားခဲ့ရပြီး အမှတ်(၁)၊ အမှတ်(၄)၊ အမှတ်(၅) ဓာတ်မြေသြဇာ စက်ရုံ သုံးရုံသာ လည်ပတ်ထုတ်လုပ်လျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဖြန့်ဖြူးရန်တောင်းခံတဲ့ ပမာဏမှာ တန်ချိန် ၈၆၁၇၃၇ တန် ဖြစ်သော်လည်း စွမ်းအင်ဝန်ကြီးဌာနမှ ဖြန့်ဖြူးပေးနိုင်တဲ့ ပမာဏမှာ တန်ချိန် ၂၀၈၆၁၄.၄၅ တန် ဖြစ်တဲ့အတွက် လိုအပ်ချက်အပေါ်မှာ ၂၄.၂၁ ရာခိုင်နှုန်း သာဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ သို့ရာတွင် လိုအပ်ချက်များပြည့်မီစေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဓာတ်မြေသြဇာ တန်ချိန် ၆၀၀၀၀၀ ခန့်အား နယ်စပ်နှင့်ပုံမှန်လမ်းကြောင်းများမှ တင်သွင်းခွင့်ပြုခဲ့ပါတယ်။ စွမ်းအင် ဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဒီဇင်ဘာလကုန်အထိတန်ချိန် ၁၀၉၆၉၂.၃၀ တန်ထုတ်လုပ်နိုင်ခဲ့ပြီး တန်ချိန် ၁၄၈၂၁၆.၅၀ တန် ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်းဖြေ ကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ထုတ်လုပ်သည့်ဓာတ်မြေသြဇာများအား အရည်အသွေးကို မထိခိုက် စေရန် ပိုမိုကောင်းမွန်သည့် ထုပ်ပိုးမှုစနစ်ဖြင့် ထုတ်လုပ်ပေးရန် အစီအစဉ်ရှိပါသလားမေးခွန်းနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဓာတ်မြေသြဇာစက်ရုံများမှ ထုတ်လုပ်တဲ့ ဓာတ်မြေသြဇာများအရည်အသွေး ထိန်းသိမ်းနိုင်ရန်အတွက် ဓာတ်မြေသြဇာများကို Poly Ethykene (PE) ပလတ်စတစ်အိတ်အတွင်း ထည့်သွင်းပြီး အပြင်မှ Woven Poly Propylene (WPP) အိတ် များဖြင့် ထပ်မံထုပ်ပိုးထားရှိပါတယ်။ ၎င်း Woven Poly Propylene (WPP) အိတ်များပေါ်မှာ အမှတ် တံဆိပ်၊ အသားတင်အလေးချိန်နှင့် နိုက်ထရိုဂျင် ပါဝင်မှု ရာခိုင်နှုန်းများ ထည့်သွင်းဖော်ပြထားရှိပါ တယ်။ အမှတ်(၁) ရေနံချက်စက်ရုံ သန်လျင်မှထုတ်လုပ်သော Woven Poly Propylene (WPP) အိတ်များမှာ Woven 10 x10 နဲ့ ကော်စေ့နှင့် Calcium Carbonate အချိုး 8:1 ရှိတဲ့အတွက် အရည်အသွေးကောင်းမွန်တဲ့အိတ်များဖြစ်ပြီး အရောင်အသွေးမှာ အနည်းငယ်နောက်သော်လည်းပိုမို ခိုင်ခန့်ကောင်းမွန်ပါတယ်။ လက်ရှိထုတ်လုပ်နေတဲ့ အိတ်ခွံများအား ချည်သားညီညာမှုရှိစေရန်နဲ့ ချည်သားထပ်မှုမရှိစေရန် ဂရုတစိုက်ထုတ်လုပ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မူကြမ်း

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထမေးခွန်းဖြစ်တဲ့ တောင်သူလယ်သမားများဈေးနှုန်းချိုသာစွာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ရေးအတွက်နှင့် စိုက်ပျိုးအသုံးပြုချိန်အမီဖြန့်ဖြူးမည့် အစီအစဉ်ရှိပါသလား မေးခွန်းနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများ ဈေးနှုန်းချိုသာစွာနဲ့ စိုက်ပျိုးရာသီအချိန်မီ အလွယ်တကူဝယ်ယူသုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးရာသီမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များမှတစ်ဆင့်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့အား တာဝန်ခံမည့် ၄င်းတို့သတ်မှတ်ပေးထားတဲ့အဖွဲ့အစည်း Authorized Dealers များမှတစ်ဆင့်လည်းကောင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ Authorized Dealers သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့များမှတစ်ဦးစီ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ လေးဦး၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ငါးဦးသတ်မှတ်ပေးထားပါကြောင်း စွမ်းအင်ဝန်ကြီးဌာနကို အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှာတော့ အစိုးရအဖွဲ့တို့မှ ဌာနဆိုင်ရာပုဂ္ဂိုလ်များပါဝင်သောအဖွဲ့များ ဖွဲ့စည်းသတ်မှတ်ပေးထားပါတယ်။ မကွေး၊ တနင်္သာရီ၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ Authorized Dealers များသတ်မှတ်အကြောင်းကြားထားခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ပဉ္စမမေးခွန်းဖြစ်တဲ့ တောင်သူလယ်သမားတစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော်လည်းကောင်း တိုက်ရိုက်ဝယ်ယူနိုင်ခွင့်ရှိပါသလား မေးခွန်းနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားတစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော်လည်းကောင်း ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များမှတစ်ဆင့် လျှောက်ထားဝယ်ယူနိုင်ပါတယ်။ ယူရီးယားဓာတ်မြေသြဇာဖြန့်ဖြူးရောင်းချမှု၊ ထုပ်ပိုးမှုနှင့်စပ်လျဉ်း၍ သိရှိလိုကြောင်းကို သနပ်ပင်ပြည်သူများမှ စွမ်းအင်သယံဇာတနှင့်ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီကို မေးမြန်းလာမှုအပေါ်မှာ ၇-၁-၂၀၁၄ ရက်နေ့ မြန်မာ့အလင်းသတင်းစာမှာလည်း ဖြေကြားထားခဲ့ပါတယ်။

နောက်ဆုံး ဆဋ္ဌမမေးခွန်းဖြစ်တဲ့ သနပ်ပင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီရဲ့ ပုလဲဓာတ်မြေသြဇာဝယ်ယူခွင့်လျှောက်လွှာကို နွေစပါးစိုက်ပျိုးချိန်အမီ ဝယ်ယူခွင့်ပါမစ်ချပေးရန် အစီအစဉ်များရှိပါသလားမေးခွန်းနှင့်စပ်လျဉ်း၍ သနပ်ပင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ စွမ်းအင်ဝန်ကြီးဌာနသို့ ယနေ့အထိ ဓာတ်မြေသြဇာဝယ်ယူခွင့်

လျှောက်ထားလာခြင်း မရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်းနဲ့ ကော်မတီအနေဖြင့် ယူရီးယား ဓာတ်မြေသြဇာများကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် လျှောက်ထားဝယ်ယူနိုင်ပါကြောင်း ဖြေကြားရှင်းလင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးမြင့်ဦး( သနပ်ပင်မဲဆန္ဒနယ်)။** ။ ကျေးဇူးပြုပြီးတော့ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါ။ ကျွန်တော်တို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို သွားလျှောက်ပါတယ်။ သွားလျှောက်တဲ့အခါကျတော့ ဝန်ကြီးချုပ်ဆီကိုလွှတ်ပါတယ်။ ဝန်ကြီးချုပ်ကလည်း ပါမစ်ပေးပြီးသား ကုမ္ပဏီကြီးတွေဆီကိုပဲ ပြန်ပြီးတော့လွှတ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကိုပြေလည်အောင် ဖြေရှင်းပေးဖို့ထပ်ပြီးတော့တောင်းဆိုပါတယ်။

**ဦးမြင့်ဇော် (ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)။** ။ ကျွန်တော်ဖြေကြားသွားပြီးတဲ့အထဲမှာ ထပ်မံရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရောင်းချတဲ့နေရာမှာ ပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရ အဖွဲ့အား တာဝန်ခံမယ့် ၄င်းတို့သတ်မှတ်ပေးထားတဲ့ အဖွဲ့အစည်း Authorized Dealers များမှ တစ်ဆင့်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်လို့ ရှင်းလင်းတင်ပြထားပါတယ်။ အဲဒီမှာလည်းပဲ ထပ်ပြီးတော့ အသေးစိပ်တင်ပြရရင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ တစ်ဦးစီ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လေးဦး၊ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငါးဦးစီ Authorized Dealers များပေးထားပြီးဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ အစီအစဉ်အတိုင်းဆောင်ရွက်ပြီးတော့ ရောင်းချပေးသွားတာဖြစ်ပါတယ်။

## ဆောက်လုပ်ရေးဝန်ကြီးဌာနက စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (က)အရ ဆောက်လုပ်ရေးဝန်ကြီးဌာနက စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းစတဲ့ နှစ်ဖြာသော သုခအဝဝနှင့်

ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေမူကြမ်းကို ၁၉၉၂ ခုနှစ်က စတင်ပြုစုခဲ့ပြီးတော့ ဆက်နွယ်နေတဲ့ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နိုင်ငံတော်သမ္မတရုံးတို့နဲ့ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၆ ကြိမ် စိစစ်ဖြည့်စွက်အကြံပြုခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ ဥပဒေအကြံပေးအဖွဲ့ကလည်း ၃ ကြိမ် စိစစ်ဖြည့်စွက်အကြံပြုပြီးဖြစ်ပါတယ်။ Cabinet Set Committee ဖြစ်တဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး Cabinet သို့ တင်ပြအတည်ပြုချက်ရခဲ့ပါတယ်။ ထို့အပြင် ၆-၁-၂၀၁၄ ရက်နေ့မှာ လွှတ်တော်ဝင်း I-2 အဆောင်မှာ ကျင်းပပြုလုပ်တဲ့ဥပဒေကြမ်း ပူးပေါင်းကော်မတီညှိနှိုင်းအစည်းအဝေးမှာ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေမူကြမ်းကို ညှိနှိုင်းသဘောတူညီမှုရရှိပြီးဖြစ်ပါတယ်ခင်ဗျား။

စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေမူကြမ်းမှာ အခန်း (၁၀) ခန်း၊ စာမျက်နှာ ၁၆ မျက်နှာနဲ့ ပုဒ်မ ၄၅ ခုပါရှိတာဖြစ်ပါတယ်။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေရဲ့ အာဏာသက်ရောက်မှုကတော့ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ်တဲ့မြို့နဲ့ဒေသများသာ သက်ဆိုင်မှာဖြစ်ပါတယ်။

ဥပဒေရဲ့ရည်ရွယ်ချက်ကတော့-

(၁) မြို့ပြဒေသနှင့် ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို အထောက်အကူပြုစေရန်၊

(၂) မြို့ပြဒေသများမှာ တိုးပွားလာတဲ့ လူဦးရေနှင့်အညီ လူနေအိမ်ရာများ လုံလောက်မှုရှိစေရေးအတွက် စုပေါင်းပိုင်အဆောက်အအုံများပေါ်ထွန်းလာစေရေး၊

(၃) မြို့ပြဒေသဖွံ့ဖြိုးရေးနှင့် သာယာလှပရေးအတွက် အထောက်အကူဖြစ်စေရန်အလို့ငှာ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်၊

(၄) စုပေါင်းပိုင်အဆောက်အအုံ၏ အိမ်ခန်းများကို တရားဝင်ပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းခွင့်ရရှိစေရန်၊

(၅) အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းမှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန်တို့ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေမူကြမ်းရဲ့အသေးစိတ်အချက်အလက်များနဲ့ ပြင်ဆင်ဖြည့်စွက်သင့်တဲ့အကြံပြုချက်များကို ပြည်သူ့လွှတ်တော်က ဆွေးနွေးညှိနှိုင်းပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ အစီရင်ခံစာဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ဒီနှစ်သစ်မှာ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသည့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ၆-၁၁-၂၀၁၃ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အောက်ဖော်ပြပါရည်ရွယ်ချက်များနှင့်အညီ ပြုစုရေးဆွဲတင်ပြခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) မြို့ပြဒေသနှင့် ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို အထောက်အကူပြုစေရန်၊

(ခ) မြို့ပြဒေသများတွင် တိုးပွားလာတဲ့ လူဦးရေနှင့်အညီ လူနေအိမ်ရာများ လုံလောက်မှုရှိစေရေးအတွက် စုပေါင်းပိုင်အဆောက်အအုံများပေါ်ထွန်းလာစေရန်၊

(ဂ) မြို့ပြဒေသဖွံ့ဖြိုးရေးနှင့် သာယာလှပရေးအတွက် အထောက်အကူဖြစ်စေရန်အလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊

(ဃ) စုပေါင်းပိုင်အဆောက်အအုံ၏ အိမ်ခန်းများကို တရားဝင်ပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းခွင့်ရရှိစေရန်၊

(င) အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန်၊

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၆-၁-၂၀၁၄ ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကျင်းပခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ရာ အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်-

(က) ယင်းဥပဒေကြမ်းတွင် အခန်း (၁၀) ခန်းနှင့် ပုဒ်မပေါင်း ၄၅ ခုပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးရှိ ၂၀၁၃ ခုနှစ်အား ၂၀၁၄ ခုနှစ်ဟု ပြင်ဆင်ပါသည်။

(ဂ) အခန်း (၂) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)၊ အခန်း (၃) ပုဒ်မ ၁၂၊ အခန်း(၅) ပုဒ်မ ၂၈ ပုဒ်မခွဲ(ဌ)၊ အခန်း(၇) ပုဒ်မ ၃၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂)နှင့် အခန်း(၈) ပုဒ်မ ၃၅ ပုဒ်မခွဲ(ဂ) တို့ရှိ အစိုးရဌာန၊ အဖွဲ့အစည်းဆိုသည့်စကားရပ်အား ထုတ်ပြန်ပြီး ဥပဒေများနှင့် ညီညွတ်မှုရှိစေရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(ဃ) အခန်း(၄) ပုဒ်မ ၂၂ ရှိ စံပြုအသင်း ဖွဲ့စည်းပုံစည်းမျဉ်းများကို အခြေခံ၍ ဆိုသည့်စကားရပ်အစား စံပြုအသင်း ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီဟု ပြင်ဆင်ပါသည်။

(င) အခန်း(၅) ပုဒ်မ ၂၈ ပုဒ်မခွဲ(င)ရှိ အဆောက်အအုံအား ဆိုသည့်စကားရပ်အား အဆောက်အအုံကိုဟု ပြင်ဆင်ပါသည်။

(စ) ပုဒ်မ ၂၈ ပုဒ်မခွဲ(စ) အား သတ်မှတ်ထားသည့်ကာလအတွင်း အသင်းဝင်သည် ရန်ပုံငွေပေးသွင်းရန် ပျက်ကွက်လျှင် အသင်းသို့ပေးသွင်းရမည့် ရန်ပုံငွေအပြင် ယင်းရန်ပုံငွေ၏ တစ်ဆကို ဒဏ်ကြေးအဖြစ်ပေးသွင်းရန် အသင်းဝင်အား အမိန့်ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(ဆ) ပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)ရှိ အသင်းဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ချက်ကို ဦးစီးဌာန၏ အတည်ပြုချက်ရယူပြီး ဆိုသည့်စကားရပ်အား ပယ်ဖျက်ပါသည်။

(ဇ) အခန်း(၇) ပုဒ်မ ၃၃ ပုဒ်မခွဲ(က)အား ပုဒ်မ ၄၅ ပုဒ်မခွဲ(ခ)တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ထည့်သွင်းရေးဆွဲထားသည့်အတွက် ပယ်ဖျက်ပါသည်။

(ဈ) အခန်း(၈) ပုဒ်မ ၃၆ ပုဒ်မခွဲ(က)ရှိ မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဆိုသည့် စကားရပ်အား မှတ်ပုံတင်အရာရှိထံ တင်ပြရမည်ဟု ပြင်ဆင်ပါသည်။

(ည) ပုဒ်မ ၃၉ သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူရန် သတ်မှတ်နိုင်သဖြင့် ပယ်ဖျက်ပါသည်။

(ဋ) ပုဒ်မ ၄၀ ရှိ မည်သူမဆို ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် ဆိုသည့်စကားရပ်အား မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်ဟု ပြင်ဆင်ပါသည်။

မူကြမ်း

၅။ သို့ဖြစ်ပါ၍ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်အဆိုပြုတင်သွင်းလိုသူများရှိပါက ပြင်ဆင်လိုသည့်ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၁-၁-၂၀၁၄ ရက် အင်္ဂါနေ့ နောက်ဆုံးထားပြီးအမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၁၁-၁၁-၂၀၁၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ (က)အရ လွှတ်တော်ကို အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များ ထံဖြန့်ဝေခဲ့ပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၄-၁၁-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး ပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲများအလိုက် အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမှမရှိပါ။ ဒါ့ကြောင့် ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်းအတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

မူကြမ်း

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့လူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးစောလှထွန်း၊ ချောင်းဦးမဲဆန္ဒနယ်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲ(က)အရ ဦးစောလှထွန်း၊ ချောင်းဦးမဲဆန္ဒနယ်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကိုတင်သွင်းရန် ဖြစ်ပါတယ်။ ဦးစောလှထွန်းအား ဥပဒေကြမ်းတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ကကျင်းပခဲ့တဲ့ အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးပေးပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရတင်ပြခဲ့ပါတယ်။ ထိုသို့ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် ဆောင်ရွက်ခြင်းအပေါ် လွှတ်တော်က နည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် (၃) အရ လက်ခံအတည်ပြုပေးခဲ့ပါတယ်။ ယခု ဆက်လက်ပြီး ဥပဒေကြမ်းကို ဆွေးနွေးခြင်းမပြုမီ ဥပဒေကြမ်းတင်သွင်းခြင်းလုပ်ငန်းအဆင့်ဆင့်ပါ ပြဋ္ဌာန်းချက်ဖြစ်တဲ့ နည်းဥပဒေ ၁၈၅ (က) အရတင်သွင်းရန်ဖြစ်ပါတယ်။ ထိုသို့တင်သွင်းရာတွင် အချိန်ကိုငဲ့ညှာသောအားဖြင့် ဥပဒေကြမ်းတင်သွင်းရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်တို့ကို ထပ်မံဖော်ပြခြင်း မပြုတော့ဘဲ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်က ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ချောင်းဦးမဲဆန္ဒနယ်မှ ကျွန်တော် ဦးစောလှထွန်းက လွှတ်တော်သို့တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကိုဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ အစီရင်ခံစာဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဒွေးကြွယ်(ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဒွေးကြွယ်ဖြစ်ပါတယ်။ ကျွန်မမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီကိုယ်စားဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်-

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းကတင်သွင်းသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းအား ၁၃-၁-၂၀၁၄ ရက်နေ့၌ ကျင်းပမည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့တွင် လွှတ်တော်မှ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကို အောက်ပါရည်ရွယ်ချက်များဖြင့်တင်သွင်းရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(က) ပြည်သူတို့က ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်၍ အမျိုးသားစီမံကိန်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်းများတွင် ပါဝင်ခြင်း မရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းငယ်များကို လွှတ်တော်ကိုယ်စားလှယ်များက ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများအား ကူညီမှုပြုနိုင်ရန်၊

(ခ) လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရယူပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ကျကျ မျှတစွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများ၏ အကျိုးအတွက် မြို့နယ်အလိုက်သုံးစွဲရန်ခွင့်ပြုထားသော ထောက်ပံ့ငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီစနစ်တကျဆောင်ရွက်သည့် အလေ့အကျင့်ရရှိစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၅-၁-၂၀၁၄ ရက်နေ့တွင် ယင်းဥပဒေကြမ်းအားပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ရာ အောက်ပါအတိုင်းသိရှိရပါသည်။

(က) ဤဥပဒေကြမ်းတွင် အခန်း (၈) ခန်းနှင့် ပုဒ်မပေါင်း ၂၂ ခုပါရှိပါသည်။

(ခ) အခန်း(၄) ပုဒ်မ ၇ ပုဒ်မခွဲ(ခ)ကို ၇(ခ) ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဟု ပြင်ဆင်ပါသည်။

(ဂ) အခန်း(၅) ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)ရှိ တိုင်းရင်းသားဝန်ကြီးများဆိုသည့်စကားရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေပါအသုံးအနှုန်းနှင့် ညီညွတ်မှုရှိစေရန် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများဟုပြင်ဆင်ဖြည့်စွက်ပါသည်။

(ဃ) အခန်း(၇) ပုဒ်မ ၁၃ ရှိ လုပ်ငန်းငယ်ဆိုသည့် စကားရပ်သည် ဤဥပဒေ၏ အခန်း(၂) ရည်ရွယ်ချက် ပုဒ်မ ၃ ပုဒ်မခွဲ(က)တွင် ပါရှိပြီးဖြစ်သဖြင့် အောက်ပါလုပ်ငန်းများအနက် လုပ်ငန်းငယ်များကို ဆိုသည့်စကားရပ်အား အောက်ပါလုပ်ငန်းများကိုဟုပြင်ဆင်ပါသည်။

(င) ပုဒ်မ ၁၄ ရှိ ပြီးပြတ်အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခြင်းမရှိပါကဆိုသည့် စကားရပ်အား ပြီးပြတ်အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်နိုင်ခြင်းမရှိပါကဟုပြင်ဆင်ပါသည်။

(စ) အခန်း(၇) ပုဒ်မ ၁၇ ရှိ လွှဲဆော်ဆိုသည့် စကားရပ်အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဆ) ပုဒ်မ ၁၈ အား မည်သူမဆို ဖွံ့ဖြိုးရေးရန်ပုံငွေကို မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်ခြင်းပြုလုပ်ပါက ပြစ်မှုဆိုင်ရာဥပဒေအရ အလွဲသုံးစားပြုမှုကျူးလွန်သည်ဟုမှတ်ယူရမည်ဟုပြင်ဆင်ပါသည်။

(ဇ) ပုဒ်မ ၂၁ တွင်ပါရှိသော မဆန့်ကျင်သ၍ဆိုသည့်စကားရပ်အား ရေးထုံးနှင့်ညီညွတ်စေရန်မဆန့်ကျင်သရွေ့ဟုပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းအား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ဦးစောလှထွန်း၊ ချောင်းဦးမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နှင့် နည်းဥပဒေ ၁၈၈ တို့နှင့်အညီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၁-၁-၂၀၁၄ ရက်နေ့(အင်္ဂါနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ယနေ့အတွက် အစီအစဉ်ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၂၀။**

မှုကြမ်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၂း၂၀ နာရီအချိန်တွင်ရပ်နားပါသည်။]